IOM
UN MIGRATION

# ပေါက်တောမြို့နယ်

## အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်

## ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ။







USAID
FROM THE AMERICAN PEOPLE

IDM-RAND

Rakhine State

# မာတိကာ


ကျေးဇူးတင်ဂုဏ်ပြုလွှာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅

ပေါက်တောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အမှာစာ . . . . . . . . . . . . . . . . ၆

အခန်း (၁) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရခြင်း ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ် . . ၇

၁. ၁ နောက်ခံသမိုင်းကြောင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇

၁. ၂ ရည်မှန်းချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇

၁. ၃ အကျိုးရလဒ်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈

၁. ၄ လုပ်ငန်းစဉ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈

အခန်း (၂) အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လေ့လာဆန်းစစ်ချက်. ၉

၂. ၁ ဆိုင်ကလုန်းဘေးအန္တရာယ် သက်ရောက်နိုင်ခြေဆန်းစစ်ချက် (၁နာရီ မိုင် ၅၀-၁၀၀ အကြား) . . . . . . ၉

၂. ၂ ဆိုင်ကလုန်းဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရလွယ်မှု (၁နာရီ မိုင် ၅၀-၁၀၀ အကြား) . . . . . . . . . ၁၄

၂. ၃ ပေါက်တောမြို့နယ်တွင် ဆိုင်ကလုန်းဘေး (၅၀ နှင့် ၁၀၀) ကြားဖြစ်စဉ်ထိခိုက်ခံရလွယ်သော ကျေးရွာစာရင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅

၂. ၄ ပေါက်တောမြို့နယ်အရေးပေါ်အခြေအနေရွှေ့ပြောင်းနေရာချထားရန်ခိုလှုံရာနေရာ ဖော်ထုတ်ထားရှိမှု ၁၅

အခန်း (၃) အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကဏ္ဍအသီးသီးဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၇

၃. ၁ ပေါက်တောမြို့နယ် ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၇

၃. ၁. ၁ ပေါက်တောမြို့နယ်ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . . . . . ၁၇

၃. ၁. ၂ ပေါင်းစပ်ညှိနှိုင်းရေး ကဏ္ဍချိတ်ဆက်မှုပြပုံစံ . . . . . . . . . . . . . . . . . . . . . . . . . . . ၁၈

၃. ၁. ၃ ပေါင်းစပ်ညှိနှိုင်းရေး ကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်ဌာနများ ချိတ်ဆက်မှုပြဇယား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၉

၃. ၂ ပေါက်တောမြို့နယ် ကြိုတင်သတိပေးရေးကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၉

၃. ၂. ၁ ပေါက်တောမြို့နယ် ကြိုတင်သတိပေးရေးကဏ္ဍဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . . . . ၂၀

၃. ၂. ၂ ကြိုတင်သတိပေးရေးကဏ္ဍချိတ်ဆက်မှုပြပုံစံ. . . . . . . . . . . . . . . . . . . . . . . . . . . . ၂၀

၃. ၂. ၃ ကြိုတင်သတိပေးရေးကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနများ ချိတ်ဆက်မှုပြဇယား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၁

၃. ၃ ပေါက်တောမြို့နယ် လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . ၂၁

၃. ၃. ၁ ပေါက်တောမြို့နယ်လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးကဏ္ဍဖွဲ့စည်းပုံ. . . . . . . . . . . . . . . . . ၂၂

၃. ၃. ၂ လုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ . . . . . . . . . . . . . . . . . . . . ၂၂

၃. ၃. ၃ လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေး ကဏ္ဍလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု ဌာနများ ချိတ်ဆက်မှုပြဇယား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၃

၃. ၄ ပေါက်တောမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ. . . . . . . . . . . . . . . . . . . . . . . . . . . ၂၄

၃. ၄. ၁ ပေါက်တောမြို့နယ်ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍဖွဲ့စည်းပုံ ........................ ၂၄

၃. ၄. ၂ ခိုလှုံရာနေရာ စီမံခန့်ခွဲရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ ........................... ၂၄

၃. ၄. ၃ ခိုလှုံရာနေရာ စီမံခန့်ခွဲရေးကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်ဌာနများ ချိတ်ဆက်မှုပြဇယား ............................................... ၂၅

၃. ၅ ပေါက်တောမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ.................................. ၂၅

၃. ၅. ၁ ပေါက်တောမြို့နယ်ကျန်းမာရေးစောင့်ရှောက်ရေးကဏ္ဍဖွဲ့စည်းပုံ.................... ၂၅

၃. ၅. ၂ ကျန်းမာရေးစောင့်ရှောက်ရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ ........................ ၂၆

၃. ၅. ၃ ကျန်းမာရေးစောင့်ရှောက်ရေး ကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်ဌာနများ ချိတ်ဆက်မှုပြဇယား ............................................... ၂၆

၃. ၆ ပေါက်တောမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ ...................................... ၂၇

၃. ၆. ၁ ပေါက်တောမြို့နယ်ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍဖွဲ့စည်းပုံ ....................... ၂၇

၃. ၆. ၂ ထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ............ ၂၈

၃. ၆. ၃ ထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးကဏ္ဍ အကောင်အထည်ဖော် ဆောင်ရွက်မည့် ဌာနများ ချိတ်ဆက်မှုပြဇယား............................................ ၂၈

၃. ၇ ပေါက်တောမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးလုပ်ငန်းကဏ္ဍ ..... ၂၉

၃. ၇. ၁ ပေါက်တောမြို့နယ်ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေး လုပ်ငန်းကဏ္ဍဖွဲ့စည်းပုံ.................................................................. ၂၉

၃. ၇. ၂ ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ.................... ၃၀

၃. ၇. ၃ ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူရေးကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဌာနများ ချိတ်ဆက်မှုပြဇယား............................................ ၃၀

အခန်း (၄) ပေါက်တောမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ ...................................................... ၃၂

၄. ၁ အရေးပေါ်ကာလကြိုတင်ပြင်ဆင်ရေး.......................................... ၃၂

၄. ၂ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေး................. ၃၂

၄. ၃ သဘာဝဘေးကျရောက်နေသည့် အဆင့်တွင် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် သတ်မှတ်ထားရှိချက် ........................ ၃၂

၄. ၄. ပေါက်တောမြို့နယ်အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးကဏ္ဍအသီးသီးအတွက် စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ ...................................................... ၃၄

၄. ၄. ၁ ပေါက်တောမြို့နယ် ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ...... ၃၄

၄. ၄. ၂ ပေါက်တောမြို့နယ် ကြိုတင်အသိပေးရေးကဏ္ဍ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ ..... ၃၆

၄. ၄. ၃ ပေါက်တောမြို့နယ် လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးကဏ္ဍ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ၃၉

၄. ၄. ၄ ခိုလှုံရာနေရာစီမံခန့်ခွဲရေး ကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ.............. ၄၂

၄. ၄. ၅ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ........ ၄၆

၄. ၄. ၆ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ ............... ၄၈
၄. ၄. ၇ ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူမှုကဏ္ဍ စံသတ်မှတ်ထားသောလုပ်ငန်းစဉ် ............. ၅၁
အခန်း (၅) ပေါက်တောမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းစဉ်များ လုပ်ဆောင်ရန် တုံ့ပြန်ဆောင်ရွက်ရေး ကဏ္ဍအသီးသီး၏ အရင်းအမြစ်နှင့် လိုအပ်ချက် များ ........................ ၅၄
၅. ၁ ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက်များ ........ ၅၅
၅. ၂ ကြိုတင်အသိပေးရေးကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက်များ ...... ၅၇
၅. ၃ လုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကဏ္ဍ ဒေသတွင်းအရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက်များ ....................................................... ၅၈
၅. ၄ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက်များ... ၆၁
၅. ၅ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက်များ.. ၆၄
၅. ၆ ထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက်များ ................................................... ၆၆
၅. ၇ ကနဦးပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍ ဒေသအတွင်းရှိအရင်းအမြစ်များ၊ လိုအပ်ချက်နှင့်ကွာခြားချက်များ ....................................................... ၆၉
အခန်း (၆) ပေါက်တောမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ စောင့်ကြည့်သုံးသပ်ခြင်းနှင့် အရေးပေါ်အခြေအနေတွင် ပေါင်းစပ်ဆောင် ရွက်မှုလုပ်ငန်းစဉ်ပြပုံစံ ............... ၇၂
၆. ၁ တုံ့ပြန်ဆောင်ရွက်ရေးကဏ္ဍ အသီးသီးအတွက် အစိုးရဌာနအသီးသီးနှင့် အခြားသောပူးပေါင်း ပါဝင်ဆောင်ရွက်သူ (Stakeholders) များ၏ ချိတ်ဆက်မှုပြပုံစံ .................................. ၇၂
နောက်ဆက်တွဲ ........................................................ ၇၅
နောက်ဆက်တွဲ (၁) ပေါက်တောမြို့နယ်အတွင်းရှိ အစိုးရဌာနများ ........................... ၇၅
နောက်ဆက်တွဲ (၂) ပေါက်တောမြို့နယ်အတွင်းရှိ ဆိုင်ကလုန်းဘေးအန္တရာယ်အများဆုံး ကျရောက်နိုင်သည့်ကျေးရွာအုပ်စု၏ ခိုလှုံရာနေရာစာရင်းနှင့် လိုအပ်ချက် .................................. ၇၆
နောက်ဆက်တွဲ (၃) ကျေးရွာအလိုက် ကူးတိုး (သို့မဟုတ်) ရေယာဉ်လိုင်းစာရင်းများ............... ၈၂
နောက်ဆက်တွဲ (၄) ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းများကောက်ယူမည့်ပုံစံ......... ၈၅
နောက်ဆက်တွဲ (၅) ပေါက်တောမြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ .. ၈၇
နောက်ဆက်တွဲ (၆) ပေါက်တောမြို့နယ်အတွင်းရှိ ဆိုင်ကလုန်းမုန်တိုင်းဘေး (၅၀-၁၀၀ ကြားတိုက်ခတ်မှု)ကြောင့် ထိခိုက်ခံရလွယ်သော ကျေးရွာစာရင်းများ.......................................... ၈၈
နောက်ဆက်တွဲ (၇) ပေါက်တောမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စုနှင့် လူဦးရေစာရင်း ....................................................... ၈၉
နောက်ဆက်တွဲ (၈) ပေါက်တောမြို့ပေါ်ရှိ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Emergency Response Team) များနှင့် ၎င်းတို့၏ တာဝန်ဝတ္တရားများ.............................. ၉၁
နောက်ဆက်တွဲ (၉) ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းကောက်ယူသည့် Website နှင့် Kobo Application.................................................. ၉၄

## ပုံများ

ပုံ (၁) ဆိုင်ကလုန်းဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရနိုင်ခြေပြမြေပုံ (၁နာရီ မိုင် ၅၀-၁၀၀ အကြား) . . . . . . ၁၀
ပုံ (၂) ဆိုင်ကလုန်းဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရလွယ်မှုပြမြေပုံ (၁နာရီ မိုင် ၅၀-၁၀၀ အကြား) . . . . . . ၁၁
ပုံ (၃) ပေါက်တောမြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ခံရလွယ်မှုများသော ကျေးရွာများနှင့် ခိုလှုံရာအနေအထားပြ မြေပုံ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂
ပုံ (၄) ပေါက်တောမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ်ပြောင်းရွှေ့နေရာချထားရန်နှင့် ခိုလှုံရာနေရာများအခြေအနေ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃

## ဇယားများ

ဇယား (၁) ကဏ္ဍအလိုက် ထိခိုက်လွယ်မှု လေ့လာဆန်းစစ်ချက်ပြဇယား . . . . . . . . . . . . . . . . . . . . . . . ၁၄
ဇယား (၂) ပေါက်တောမြို့နယ် ဆိုင်ကလုန်းဘေး (၁)နာရီမိုင်(၅၀-၁၀၀)ကြား ထိခိုက်ခံရလွယ်သော ကျေးရွာများစာရင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၆

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

ပေါက်တောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို ၂၀၁၇ ခုနှစ်တွင် ပြဌာန်းထားသော မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေနှင့်နည်းဥပဒေများကို အခြေခံကာ ဒေသလိုအပ်ချက်နှင့် ကိုက်ညီအောင် ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးသော နည်းလမ်းကို အသုံးပြု၍ မြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် နီးနွယ်ပတ်သက်သောသူများဖြင့် ပေါင်းစပ်ရေးဆွဲကာ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါအရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်ကို သဘာဝဘေးအန္တရာယ်ကျရောက်လာပါက မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဆက်နွယ်ပတ်သက်သော သူများမှ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရန် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့်တကွ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဝင် ဌာနဆိုင်ရာအကြီးအကဲများ၏ ဦးဆောင်မှု၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်) ၏နည်းပညာ ပံ့ပိုးကူညီမှုတို့ဖြင့် ပိုမိုပြည့်စုံပြီး သက်ဝင်လှုပ်ရှားမှုရှိသောစီမံချက် ဖြစ်ပေါ်လာစေရန်သက်ဆိုင်ရာပါဝင်ပတ်သက်သူအားလုံးနှင့် ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးခြင်း၊ ဒေသတွင်ရှိနိုင်သည့်တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်လိုအပ်ချက်များအား ဆန်းစစ်အကဲဖြတ်မှု များပြုလုပ်ခြင်း၊ လိုအပ်သောအချက်အလက်များကို ဌာနဆိုင်ရာများမှ တဆင့်ကောက်ယူခြင်းစသည့် အချက်များ ပေါ် အခြေခံသောလုပ်ငန်းစဉ်များဖြင့် စီမံချက်ကို အားဖြည့်ရေးဆွဲထားသည်။

ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းအနေဖြင့် ဤမြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲရာတွင်ပါဝင်ကူညီ ဆောင်ရွက်ခွင့်ရသဖြင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်နယ်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်တကွ သက်ဆိုင်ရာဌာနအကြီးအကဲများ၊ အစိုးရမဟုတ်အဖွဲ့အစည်းများအားလုံး ကိုများစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

ဤစီမံချက်ရေးဆွဲနိုင်ရေးနှင့် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရေးအတွက် ငွေကြေးဖြင့်ပံ့ပိုးကူညီပေးခဲ့သော USAID/ OFDA ကိုလည်းများစွာကျေးဇူးတင်ရှိပါသည်။

ဤပေါက်တောမြို့နယ်အတွင်း အန္တရာယ်အမျိုးမျိုး ကျရောက်နိုင်ခြေ အမျိုးအစားအလိုက်၊ ထိခိုက်ဆုံးရှုံးနိုင်ခြေ အများဆုံးဖြစ်နိုင်သည့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဒီရေတက်ခြင်းဘေးအန္တရာယ်ဖြစ်စဉ် ဖြစ်ရပ်ကိုအခြေခံပြီး အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာကဏ္ဍများအတွက် စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများကို ကြိုတင်ဆွေးနွေးဖော်ထုတ်ထားသည်။ သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ရပ်ရွာလူထုများအတွက် ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြှင့်ပေးရန်မြို့နယ်အစိုးရဌာနဆိုင်ရာများအတွက် အရေးပေါ် အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက် (Emergency Response Contingency Plan) ကို ဖော်ထုတ် ဆွေးနွေးထားပါသည်။

ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်) သည် အလားတူ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်ကို ရခိုင်ပြည်နယ်အတွင်းရှိ စီမံကိန်းလွှမ်းခြုံရာ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ မောင်တော၊ ကျောက်ဖြူနှင့် စစ်တွေမြို့နယ်များအပြင်၊ အခြား ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ မြို့နယ်များတွင် ရေးဆွဲနိုင်ရေးအတွက် နည်းပညာပံ့ပိုးပေးနိုင်ရန် ကူညီဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။

အထက်တွင် ဖော်ပြထားသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ငွေကြေးအထောက်အကူများမရရှိပါကစီမံချက် စာအုပ်သည် အောင်အောင်မြင်မြင် ထွက်ပေါ်လာနိုင်မည်မဟုတ်ကြောင်းနှင့် ထိုကဲ့သို့သော အကူအညီများအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ထပ်မံဖော်ပြအပ်ပါသည်။

**International Organization for Migration - IOM**

## ပေါက်တောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အမှာစာ

ရခိုင်ပြည်နယ်အတွင်းရှိ ပေါက်တောမြို့နယ်သည် ပထဝီအနေအထားအရသော်လည်းကောင်း၊ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် အရသော်လည်းကောင်း ဆိုင်ကလုန်းမုန်တိုင်းဘေး၊ မုန်တိုင်းဒီရေလှိုင်းဘေး၊ မီးဘေး၊ ရေကြီးခြင်းဘေး (မိုးများခြင်းနှင့်ပင်လယ်ဒီရေတက်ခြင်း)စသည့် ဘေးအမျိုးမျိုး ကျရောက်နိုင်ခြေရှိသော မြို့နယ်တစ်ခုဖြစ်ပါသည်။

၂၀၁၀ခုနှစ် အောက်တိုဘာလတွင် ကျရောက်ခဲ့သော ဂီရိဆိုင်ကလုန်းမုန်တိုင်းနှင့် ၂၀၁၅ ခုနှစ် ကိုမန်မုန်တိုင်းဒဏ်ကြောင့်ရေကြီးခြင်းဘေးဖြစ်စဉ်များကို သင်ခန်းစာယူဆန်းစစ်လေ့လာပြီး ကြိုတင်ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် International Organization for Migration (IOM) (ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း)တို့နှင့်ပူးပေါင်းပြီး ၂၀၁၇ ခုနှစ်တွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို ရေးဆွဲပြီးလွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ယခုအခါ ပေါက်တောမြို့နယ်တွင် သမိုင်းကြောင်းအရ ကျရောက်နိုင်စွမ်းများသော၊ ထိခိုက်ခံရလွယ်မှုမြင့်သော၊ ဆုံးရှုံးနိုင်ခြေများသော ဆိုင်ကလုန်းမုန်တိုင်းကြောင့်ဒီရေတက်ခြင်း ဖြစ်စဉ်ဖြစ်ရပ်ကို အခြေခံပြီး အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပါသည်။ ထိုစီမံချက်ရေးဆွဲရာတွင် အိုင်အိုအမ်မှ နည်းပညာပိုင်းဆိုင်ရာများ၊ ငွေအင်အား၊ လူအင်အားများနှင့် စီမံချက်ရေးဆွဲနိုင်ရေးအတွက် ထဲထဲဝင်ဝင်ပါဝင် ဆောင်ရွက်ပြီး မြို့နယ်အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးကော်မတီဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ အချိန်ယူပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် စီမံချက်ကို အောင်မြင်စွာရေးဆွဲနိုင်ခဲ့ပါသည်။

ဤစီမံချက်ကို ရေးဆွဲထားခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းများနှင့် အခြားသော အကျိုးတူပူးပေါင်းနိုင်သော သာသနာ့ဝန်ထမ်းများ၊ လူမှုဂရုဏာအဖွဲ့အစည်းများအား ကြိုတင်ဖော်ထုတ်ပေါင်းစပ်ထားခြင်းနှင့် စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များကို ရေးဆွဲထားခြင်းဖြင့် ဘေးဖြစ်ပေါ်လာပါကစနစ်ကျသော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းစဉ်များကိုအကောင်အထည် ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဤစီမံချက်ရေးဆွဲနိုင်ရေးအတွက် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ခဲ့သော မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာကော်မတီဝင်များ၊ နည်းပညာရှင်များနှင့် ကျွမ်းကျင်မှုများ ပံ့ပိုးပေးခဲ့သော International Organization for Migration - IOM (ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း) နှင့် အချက်အလက်ကောက်ယူရာတွင် လိုအပ်သော ကူညီမှုပေးခဲ့သော ပါဝင်ပတ်သက် သူများအားလုံးနှင့် ငွေကြေးပံ့ပိုးမှုပေးထားသော USAID-OFDA ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဥက္ကဋ္ဌ
(ဦးကျော်စွာညွန့်၊ ပ/၄၆၁၅)
မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ
ပေါက်တောမြို့။

# အခန်း (၁) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရခြင်း ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်

## ၁. ၁ နောက်ခံသမိုင်းကြောင်း

ပြည်ထောင်စု မြန်မာနိုင်ငံသည် အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များဖြစ်သော မီးဘေး၊ တောမီးဘေး၊ မြေငလျင်၊ ဆိုင်ကလုန်းမုန်တိုင်း၊ မုန်တိုင်းဒီရေ၊ ဆူနာမီ၊ မြေပြိုခြင်း၊ ရေကြီးခြင်းနှင့် မိုးခေါင်ရေရှားခြင်း ဘေးများကို မကြာခဏခံစားရသော နိုင်ငံဖြစ်သည်။ နိုင်ငံအားသဘာဝဘေးအန္တရာယ်များမှ ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြှင့်စေရန်အတွက် အဖွဲ့အစည်းစနစ်ဆိုင်ရာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သည်။ မြန်မာနိုင်ငံတွင် အဖွဲ့အစည်းဆိုင်ရာစနစ်ကို တည်ထောင်ထားရှိရန် လမ်းညွှန်ချက်များကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေနှင့် နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည်။ ထိုအဖွဲ့အစည်း ဆိုင်ရာစနစ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး ကော်မတီများနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်း စီမံချက်ကို နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျေးရွာအုပ်စုအဆင့်တို့တွင် ရေးဆွဲထားရန် လမ်းညွှန်ထားသည်။

အစိုးရဌာနဆိုင်ရာများမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲဆိုင်ရာ လုပ်ငန်းအများစုမှာ ဘေးကျရောက်စဉ်ကာလ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းစဉ်များကို တိကျသေချာစွာ အကောင်အထည်ဖော် ဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည်များမှာ လိုအပ်မှု၊ အားနည်းမှုများရှိသည်ကို တွေ့ရသည်။ အရေးပေါ်တုံ့ပြန်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အချိန်တိုအတွင်း ထိထိရောက်ရောက်ဖော်ဆောင်နိုင်ရန် အရေးပေါ်ကာလကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍများအတွက် စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ ကြိုတင်ဆွေးနွေးဖော်ထုတ်ထားရန်လိုအပ်သည်။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ရပ်ရွာလူထုများအတွက် ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြှင့်ပေးရန် မြို့နယ်အစိုးရဌာနဆိုင်ရာများအတွက် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (Emergency Response Contingency Plan) ကို ဆွေးနွေးဖော်ထုတ်ရေးဆွဲခြင်းနှင့် အရေးပေါ်တုံ့ပြန်နိုင်မှုဆိုင်ရာ အသိပညာမြှင့်တင်ပေးခြင်းသည် အဓိကကျသော လုပ်ငန်းတစ်ခုဖြစ်သည်။ ဤသို့လုပ်ဆောင်ပေးခြင်းဖြင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများကို လျှော့ချပေးနိုင်သည်သာမက မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းများနှင့် အခြားသော အကျိုးတူပူးပေါင်းနိုင်သော သာသနာ့ဝန်ထမ်းများ၊ လူမှုဂရုဏာအဖွဲ့အစည်းများအား ကြိုတင်ဖော်ထုတ်ပေါင်းစပ်ထားခြင်းနှင့် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များကို ရေးဆွဲထားခြင်းဖြင့် စနစ်ကျသော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ၁. ၂ ရည်မှန်းချက်များ

အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး စီမံချက် ရေးဆွဲခြင်း၏ ရည်မှန်းချက်များမှာ -

- အဓိက အစိုးရဌာနဆိုင်ရာများနှင့် မိတ်ဖက်အဖွဲ့အစည်းများအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အသိပညာစွမ်းဆောင် ရည်မြှင့်တင်ပေးရန်။
- ရှိထားနှင့်ပြီးသော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုစွမ်းဆောင်ရည် (ပစ္စည်းကိရိယာနှင့်လူသားအရင်းအမြစ်) ကိုဖော်ထုတ်ရန်။
- အရေးပေါ်အခြေအနေတုံ့ပြန် ဆောင်ရွက်မှုစံသတ်မှတ်ထားရှိသော လုပ်ထုံးလုပ်နည်းများ ဖော်ထုတ်ရန်။

- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး (ဖော်ထုတ်ထားသော ထိခိုက်ခံရလွယ်ဦးရေ) အတွက် ကဏ္ဍအသီးသီးအလိုက် လိုအပ်ချက်နှင့် ကွာဟချက်များကို ဖော်ထုတ်ရန်။
- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှု စံညွှန်းများအတွက် ကဏ္ဍအလိုက်ချိတ်ဆက်မှုများ (အထက်-အောက်၊ ဘေးတိုက်) ကို ဖော်ထုတ်ရန်။

## ၁. ၃ အကျိုးရလဒ်များ

- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အသိပညာနှင့် စွမ်းရည်တိုးလာခြင်း။
- မြို့နယ်၏ ရှိထားနှင့်ပြီးသော အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုစွမ်းဆောင်ရည် လေ့လာဆန်းစစ်ချက်ထွက်ပေါ်လာခြင်း။
- အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ် ဖော်ဆောင်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုကဏ္ဍအသီးသီးအတွက် အဓိကဦးဆောင်မည့်ဌာန၊ အကျိုးတူပူးပေါင်းမည့် အဖွဲ့အစည်းများနှင့် ပါဝင်ဆောင်ရွက်သူများ ထွက်ပေါ်လာခြင်း။
- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် စားပွဲဝိုင်းလေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် လုပ်ငန်းစဉ်အကျိုး ကျေးဇူးသိရှိနိုင်ခြင်း။
- ဖြစ်စဉ်ဖြစ်ရပ်အခြေပြု အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရရှိခြင်း။

## ၁. ၄ လုပ်ငန်းစဉ်

- မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများနှင့် ရှိထားနှင့်ပြီးသော အရေးပေါ်တုံ့ပြန်မှုအရင်းအမြစ်လေ့လာခြင်း။
- ပြည်နယ်နှင့်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုသင်တန်းများ ပြုလုပ်ပေးခြင်း။
- အခြေအနေဖြစ်စဉ်အပေါ်အခြေခံသော ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရလွယ်သူများအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု ပြုလုပ်နိုင်ရန် အဓိက ဘေးအန္တရာယ်ကို ရှာဖွေဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဒေသနှင့်ကိုက်ညီသော စံသတ်မှတ်ထားသော လုပ်ငန်းစဉ် ဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု အရင်းအမြစ် လိုအပ်ချက်နှင့် ကွာဟချက်များကို ဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အဖွဲ့အစည်းများကို ဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု အကူအညီ (မိုဘိုင်းအပလီကေးရှင်း၊ တက်ဘလက်၊ သဘာဝဘေးလျော့ပါးရေးဆိုင်ရာအသိပညာပေးသေတ္တာ၊ ကြိုတင်သတိပေးရေး ပစ္စည်းကိရိယာများ) ထောက်ပံ့ပေးခြင်း။
- ဆက်နွယ်ပတ်သက်သူအားလုံးပါဝင်သော စားပွဲဝိုင်းလေ့ကျင့်ခန်းများ ပြုလုပ်ကာ အရေးပေါ်အခြေအနေတုံ့ပြန် ဆောင်ရွက်ရေးစီမံချက်ကို စတင်လုပ်ဆောင်ခြင်း။
- အတည်ပြုထားသော အရေးပေါ်အခြေအနေတုံ့ပြန် ဆောင်ရွက်ရေးစီမံချက်ကို စာအုပ်ထုတ်ဝေပေးအပ်ခြင်းတို့ဖြစ်သည်။

# အခန်း (၂) အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လေ့လာဆန်းစစ်ချက်

ပေါက်တောမြို့နယ်သည် ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထားတို့ကြောင့် ဘေးအန္တရာယ် အမျိုးမျိုးဖြစ်သော ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးခြင်း၊ ကမ်းပါးပြိုခြင်းဘေးနှင့် မီးဘေးစသည်တို့ ကျရောက်နိုင်ခြေများသည်။ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း စီမံချက်တွင် သက်ရောက်နိုင်ခြေရှိသော ဘေးအမျိုးမျိုးအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်နှင့် လေ့လာဆန်းစစ်မှုရလဒ်ကို အသေးစိတ် ဖော်ထုတ်ထားသည်။ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရာတွင် ပေါက်တောမြို့နယ်အတွက် ယခင်သမိုင်းကြောင်းနှင့် ပထဝီအနေအထားအရ သက်ရောက်နိုင်ခြေများသော ဆိုင်ကလုန်းဘေးဖြစ်စဉ်ကို အခြေခံပြီး ဆိုင်ကလုန်းမုန်တိုင်း၊ လေတိုက်ခတ် နှုန်း ၁နာရီ လျှင် မိုင် (၅၀ နှင့် ၁၀၀ကြား) ဖြစ်ပေါ်သော ဆိုင်ကလုန်းမုန်တိုင်း ဖြစ်စဉ်ဖြစ်ရပ်ကို အခြေပြုကာစီမံချက်ကိုဆွေးနွေးဖော်ထုတ်ထားသည်။

## ၂. ၁ ဆိုင်ကလုန်း ဘေးအန္တရာယ်သက်ရောက်နိုင်ခြေဆန်းစစ်ချက် (၁နာရီ မိုင် ၅၀-၁၀၀ အကြား)

ပေါက်တောမြို့နယ်သည် နှစ်စဉ်နှစ်တိုင်း သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့၏ ခြိမ်းခြောက်မှုခံရနိုင်ခြေရှိသောမြို့နယ်ဖြစ်ပါသည်။ ၎င်းတို့မှ ထိခိုက်ခံရလွယ်မှုဆန်းစစ်ချက်အရ အများဆုံးဖြစ်သော ဆိုင်ကလုန်းဘေးဖြစ်စဉ်ဖြစ်ရပ်များကိုအခြေခံကာ လေတိုက်နှုန်း (၁) နာရီ မိုင် (၅၀-၁၀၀) ကြားဖြစ်စဉ်များကို အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ရန် ဆန်းစစ်ဖော်ထုတ်လျက်ရှိပါသည်။

ဖော်ပြပါအတိုင်း လေတိုက်ခတ်နှုန်းသည် (၁) နာရီလျှင် မိုင် (၅၀ မှ ၁၀၀) အတွင်း တိုက်ခတ်ပါက အန္တရာယ်ပြင်းအား သက်ရောက်နိုင်မှု အခြေအနေမှာ အနိမ့်ဆုံး၊ အလယ်အလတ်နှင့် အမြင့်ဆုံးတွင်ရှိသည်။ အန္တရာယ်ပြင်းအားနိမ့်လျှင် မြို့နယ်စုစုပေါင်းဧရိယာ၏ (၄၉. ၃၉၄) စတုရန်းမိုင်၊ အလယ်အလတ်- မြို့နယ်စုစုပေါင်းဧရိယာ၏ (၂၃၈. ၀၇၇)စတုရန်းမိုင်၊ အမြင့်ဆုံး-မြို့နယ်စုစုပေါင်း ဧရိယာ၏ (၇၀. ၃၃၈) စတုရန်းမိုင် သက်ရောက်ခံရနိုင်ခြေရှိသည်။ ပေါက်တောမြို့နယ်၏ မြေမျက်နှာသွင်ပြင်၊ မြေယာအသုံးချမှု၊ အနိမ့်ပိုင်းတွင်တည်ရှိမှုစသည့် အခြေအနေများကြောင့် ၁နာရီလျှင် မိုင်(၅၀မှ၁၀၀) အတွင်းလေတိုက်ခတ်ပါက အန္တရာယ်သက်ရောက်လွှမ်းမှုမှာ အလယ်အလတ် အဆင့်တွင်ရှိသော်လည်း ကျေးရွာအုပ်စုတစ်ခုချင်းစီ၏ အန္တရာယ်အဆင့်သတ်မှတ်ချက်မှာ အန္တရာယ်အင်အားကြီးသောကြောင့် အမြင့်ဆုံးအဆင့်သတ်မှတ်သည်။ လေတိုက်နှုန်းခန့်မှန်း ချက် ၁နာရီလျှင် မိုင် (၅၀ မှ ၁၀၀) ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံကာ စီမံချက်ကို ဆွေးနွေးဖော်ထုတ်ထားပါသည်။

## ပုံ (၁) ဆိုင်ကလုန်းဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရနိုင်ခြေပြမြေပုံ (၁နာရီ မိုင် ၅၀-၁၀၀ အကြား)




**Legend :**

- Road
- Township
- Sea
- Pauktaw Village Tract
- Settlement
- River Water Body Pauktaw
- State of Myanmar

**Cyclone**
Hazard Index

0.00 — 0.333 — 0.666 — 1.00
Low | Medium | High




N / W / E / S

0 0.75 1.5 3 4.5 6 Miles

Coordinate System: GCS WGS 1984
Datum: WGS 1984
Units: Degree
1 inch = 3.5 miles

**Service Layer Credits:**
MIMU Administration Layer
Google Earth Image
SRTM 30 m

**Develop by :** IOM • OIM

**Support by :** USAID FROM THE AMERICAN PEOPLE

# ပုံ (၂) ဆိုင်ကလုန်းဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရလွယ်မှုပြမြေပုံ (၁နာရီ မိုင် ၅၀-၁၀၀ အကြား)



## ပုံ (၃) ပေါက်တောမြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ခံရလွယ်မှုများသော ကျေးရွာများနှင့်ခိုလှုံရာအနေအထားပြမြေပုံ




Data Source: မြေပုံ - မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (GAD)
ခိုလှုံရာနေရာ - ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (DDM)

# ပုံ (၄) ပေါက်တောမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်ပြောင်းရွှေ့နေရာချထားရန်နှင့် ခိုလှုံရာနေရာများအခြေအနေ




Data Source: မြေပုံ - မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (GAD)

ခိုလှုံရာနေရာ - ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (DDM)

## ၂.၂ ဆိုင်ကလုန်းဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရလွယ်မှု (၁နာရီ မိုင် ၅၀-၁၀၀ အကြား)

ထိခိုက်ခံရလွယ်မှုများသည် လူတစ်ဦး သို့မဟုတ် ရပ်ရွာလူထုတစ်ခုလုံး၏ ဘေးအန္တရာယ်အပေါ် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းများနှင့် ဆက်စပ်လျက်ရှိသည်။ ထိခိုက်ခံရလွယ်မှုအား အကဲဖြတ်ဆန်းစစ်ရာတွင် လူတစ်ဦးချင်းစီနှင့်အုပ်စုလိုက် ထိခိုက်ခံရလွယ်မှုပမာဏကို တိုင်းတာခြင်းဖြစ်သည်။

ထိခိုက်ခံရလွယ်မှု သဘောသဘာဝမှာ အန္တရာယ်အမျိုးအစား တစ်ခုချင်းစီတွင် သက်ရောက်ခံနိုင်ခြေ (သို့) ထိတွေ့နိုင်ခြေရှိသည့် အရာဝတ္ထုများပေါ်တွင် မူတည်သည်။ အချို့သော ပိုင်ဆိုင်ပစ္စည်းများသည် အန္တရာယ်အမျိုးအစား အလိုက် ထိခိုက်ခံရလွယ်မှုကိုပို၍ ဖြစ်စေသည်။ ဥပမာအားဖြင့် ဒေသထွက်ပစ္စည်းများဖြင့် တည်ဆောက်ထားသော အဆောက်အဦးများသည် မိုးခေါင်ရေရှားဘေးထက် ရေကြီးခြင်းနှင့်မုန်တိုင်းဘေးတို့တွင် ထိခိုက်ခံရလွယ်မှုပို၍ဖြစ်စေသည်။ ထိုနည်းတူ စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်သူတစ်ဦးသည် ဝန်ဆောင်မှုနှင့် စီးပွားရေးကဏ္ဍတွင် လုပ်ကိုင်သောသူထက် မုန်တိုင်းဘေးတို့တွင် ထိခိုက်ခံရလွယ်မှုကိုပို၍ ဖြစ်စေသည်။

လေ့လာဆန်းစစ်ချက်မှုရလဒ်အရ ဆိုင်ကလုန်းအန္တရာယ်လေတိုက်ခတ်နှုန်းသည် ၁နာရီလျှင်မိုင် (၅၀နှင့်၁၀၀) ကြား တိုက်ခတ်ပါက အန္တရာယ်ပြင်းအား သက်ရောက်နိုင်မှု အခြေအနေမှာ အလယ်အလတ်နှင့် အမြင့်ဆုံးတွင်ရှိသည်။ လေတိုက်ခတ်နှုန်း ၁နာရီလျှင် မိုင်(၅၀ နှင့် ၁၀၀)ကြား တိုက်ခတ်ပါက မြေမျက်နှာပြင်အားလုံး ကိုသက်ရောက်နိုင်၍ အန္တရာယ်သက်ရောက်လွှမ်းမိုးမှု အဆင့်မှာ အမြင့်ဆုံးအဆင့်တွင်ရှိသည်။

**ဇယား (၁) ကဏ္ဍအလိုက် ထိခိုက်လွယ်မှု လေ့လာဆန်းစစ်ချက်ပြဇယား**

| စဉ် | ကဏ္ဍ | အညွှန်းကိန်းများ | သတင်းအချက်အလက်အရင်းအမြစ် |
|---|---|---|---|
| ၁ | လူနှင့်လူမှုရေးကဏ္ဍ | (က) လူဦးရေ - အသက်အုပ်စုနှင့် ကျား/မ အလိုက်<br>(ခ) အသက်မွေးမှု - စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးဖမ်းခြင်း၊ စီပွားရေး လုပ်ငန်း၊ ဝန်ဆောင်မှုပေးခြင်း စသောမတူညီသည့် အလုပ်အကိုင်များ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးရွာအုပ်စု အချက်အလက်များ (ကိုယ်တိုင်ကောက်ယူထားသော အချက်အလက်များ) |
| ၂ | ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အဦး များကဏ္ဍ | အဆောက်အဦး အမျိုးအစားများ - သံကူကွန်ကရစ်၊ နံရံကပ်အုတ်ညှပ်၊ ပျဉ်ထောင်၊ ဝါးတဲ စသည်ဖြင့် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးရွာ အုပ်စု အချက်အလက်များ (ကိုယ်ပိုင်ကောက်ယူထားသော အချက်အလက်များ) |
| ၃ | ထုတ်လုပ်မှုကဏ္ဍ | ရခိုင်ပြည်နယ်အတွင်း နှစ်စဉ် စပါး ထုတ်လုပ်မှု | စိုက်ပျိုးရေးဌာန စာရင်းဇယားများ |
| ၄ | သဘာဝပတ်ဝန်း ကျင်ကဏ္ဍ | သစ်တောဖုံးလွှမ်းမှု ဧရိယာ (ခြုံပင်များ၊ ဒီရေတောများ၊ သစ်တောများ၊ ရွှံ့ညွန်တောများ) | သစ်တော ဦးစီးဌာန စာရင်းဇယားများ၊ ဂြိုဟ်တုပုံရိပ်ဖမ်းခြင်း (အဝေးရောက် အာရုံခံစနစ်) |

## ၂. ၃ ပေါက်တောမြို့နယ်တွင် ဆိုင်ကလုန်းဘေး (၅၀ နှင့် ၁၀၀) ကြားဖြစ်စဉ် ထိခိုက်ခံရလွယ်သော ကျေးရွာစာရင်း

ပေါက်တောမြို့နယ်သည် ရပ်ကွက် (၅) ခု နှင့် ကျေးရွာအုပ်စု(၅၃)အုပ်စုဖြင့် ဖွဲ့စည်းထားပြီး နေထိုင်သူလူဦးရေ စုစုပေါင်း (၁၈၉၉၃၂)ဦး နေထိုင်သည်။ ပေါက်တောမြို့နယ်သည် နှစ်စဉ်နှစ်တိုင်း မုန်တိုင်းဘေးအန္တရာယ်ကို ခံစားနေရသော မြို့နယ်တစ်ခု ဖြစ်ပါသည်။ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရေး လုပ်ငန်းအဖွဲ့ဝင်များက ပေါက်တောမြို့နယ်တွင် ယခင်ဖြစ်ပွားခဲ့သော ဘေးကျရောက်မှုအခြေအနေ၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်စဉ်၊ ဒေသတွင်း ဆောက်လုပ်ထားသော အိမ်ခြေများ၏ ဘေးဒဏ်ခံနိုင်မှုစသည့် အတွေ့အကြုံများနှင့် ဒေသန္တရဆိုင်ရာကျွမ်းကျင်အဆင့် အသိပညာများအပေါ်အခြေခံကာ နောက်ဆက်တွဲ (၆) တွင်ဖော်ပြထားသော ကျေးရွာများကို ဆိုင်ကလုန်းဘေး သက်ရောက်မှုကြောင့် ဘေးကျရောက်ခဲ့ပါက ထိခိုက်ခံရလွယ်သော ကျေးရွာများအဖြစ်ဖော်ထုတ်ထားသည်။

## ၂. ၄ ပေါက်တောမြို့နယ် အရေးပေါ်အခြေအနေ ရွှေ့ပြောင်းနေရာချထားရန်ခိုလှုံရာနေရာ ဖော်ထုတ်ထားရှိမှု

ဆိုင်ကလုန်မုန်တိုင်းဘေး မိုင် ၅၀ နှင့် ၁၀၀ ကြားတိုက်ခတ်ပါက အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက် ရေးလုပ်ငန်းစဉ်အတွက် ဦးစားပေး တုံ့ပြန်ဆောင်ရွက်ရန် ထိခိုက်ခံရလွယ်သော ကျေးရွာနှင့်သက်ရောက်နိုင်သော လူဦးရေကို မြို့နယ်အဆင့် ဖော်ထုတ်ထားရာ ကျေးရွာ (၂၁) ရွာမှ စုစုပေါင်း (၂၅၀၀၀)ဦး ရှိပြီး အသေးစိတ်စာရင်းကို နောက်ဆက်တွဲ (၆) တွင်ဖော်ပြထားသည်။

ပေါက်တောမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ပြည်သူများအတွက် ခိုလှုံရာနေရာများကို ကြိုတင်ဖော်ထုတ် သတ်မှတ်ထားပြီး အရေးပေါ်အခြေအနေ ရွှေ့ပြောင်းခိုလှုံရာ အခြေအနေပြမြေပုံကို ပုံ(၄)နှင့် အသေးစိတ်စာရင်းကို နောက်ဆက်တွဲ (၂)တွင်ဖော်ပြထားသည်။ ကျေးရွာအုပ်စုအလိုက် လူဦးရေနှင့် ခိုလှုံရာနေရာလိုအပ်မှုပြ မြေပုံကို ပုံ(၃) တွင်ဖော်ပြထားပါသည်။

ပေါက်တောမြို့နယ်အတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီနှင့် လုပ်ငန်းများဖော်ဆောင်ရန် ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲမှုလုပ်ငန်း တာဝန်သတ်မှတ်ချက်များကို ၂၀၁၇ ခုက ရေးဆွဲပံ့ပိုးခဲ့သော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်တွင် ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းမှသည် ဘေးအန္တရာယ်ကျရောက်နေစဉ် တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ဘေးအန္တရာယ်ကျရောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်နှင့် မြို့နယ်၏ သဘာဝဘေးလျော့ပါးရေး လုပ်ငန်းစဉ်များကို ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်နိုင်ရန် အကျုံးဝင်သော စီမံချက်ကိုရေးဆွဲပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယခုအရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်တွင် အရေးပေါ်အခြေအနေတုံ့ပြန် ဆောင်ရွက်ရာတွင် ဖော်ဆောင်ရမည့် ကဏ္ဍအသီးသီးရှိ လုပ်ငန်းများအတွက် ချိတ်ဆက်ထားရှိမှုနှင့် စံသတ်မှတ်ထားသော လုပ်ငန်းများကို မြို့နယ်အတွင်းရှိသက်ဆိုင်ရာဌာနများအပြင် အခြားသော လူမှုရေးအသင်းအဖွဲ့များအတွက်ပါ ထည့်သွင်းစဉ်းစားထားသည်။

ဇယား (၂) ပေါက်တောမြို့နယ် ဆိုင်ကလုန်းဘေး (၁)နာရီမိုင်(၅၀-၁၀၀)ကြား ထိခိုက်ခံရလွယ်သော ကျေးရွာများ စာရင်း

| စဉ် | ကျေးရွာ အုပ်စု | ကျေးရွာ | လူဦးရေ စုစုပေါင်း | ထိခိုက်ခံရလွယ်မှု အဆင့် | ဘေးကျရောက် နိုင်ခြေရှိသောလူ ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ပြေကျွန်း | ရွာမ | ၇၂၉ | အမြင့်ဆုံး | ၆၅၆ | (၉၀%) |
| | | သရက်တော | ၂၁၉၀ | အမြင့်ဆုံး | ၁၉၇၁ | (၉၀%) |
| | | အလယ်ရွာ | ၁၈၁ | အမြင့်ဆုံး | ၁၆၃ | (၉၀%) |
| ၂ | ပြေတက် | ပြေတက် | ၂၂၆၇ | အမြင့်ဆုံး | ၁၄၂၀ | (၅၅%) |
| ၃ | ပြွန်ခေါင် | ပြွန်ခေါင် | ၁၆၈၄ | အမြင့်ဆုံး | ၈၄၂ | (၅၀%) |
| ၄ | သာစည် | ကံချောင်း | ၂၃၀၄ | အမြင့်ဆုံး | ၁၁၅၂ | (၅၀%) |
| | | သာစည် | ၉၉၃ | အမြင့်ဆုံး | ၄၉၇ | (၅၀%) |
| ၅ | ဖတူကြီး | တန်းတင် | ၁၀၃၃ | အမြင့်ဆုံး | ၁၀၃၃ | (၁၀၀%) |
| | | ဇရပ်ချောင်း | ၄၁၉ | အမြင့်ဆုံး | ၄၁၉ | (၁၀၀%) |
| ၆ | လက်ပံပြား | လက်ပံပြား | ၂၁၄၇ | အမြင့်ဆုံး | ၁၃၀၀ | (၆၀%) |
| ၇ | ဇီးချိုမော် | ဇီးချိုမော် | ၅၈၉ | အမြင့်ဆုံး | ၃၈၄ | (၆၅%) |
| ၈ | ချောင်းသာ ကြီး | ချောင်းသာ ကြီး | ၂၅၆ | အမြင့်ဆုံး | ၂၀၀ | (၈၀%) |
| ၉ | နန်းတက်ကျွန်း | နန်းတက် ကျွန်း | ၁၂၂၆ | အမြင့်ဆုံး | ၉၀၈ | (၇၅%) |
| ၁၀ | စိုင်းတုတ် | စိုင်းတုတ် | ၁၁၇၈ | အမြင့်ဆုံး | ၄၇၂ | (၄၀%) |
| ၁၁ | ချောင်း စောက် | ချောင်း စောက် | ၁၃၀၉ | အမြင့်ဆုံး | ၁၂၇၆ | (၉၇%) |
| ၁၂ | သစ်ပုတ် | သစ်ပုတ် | ၂၀၇၃ | အမြင့်ဆုံး | ၁၈၀၀ | (၈၇%) |
| ၁၃ | ဆင်ပိုက် | ဆင်ပိုက် | ၉၂၂ | အမြင့်ဆုံး | ၇၅၉ | (၈၂%) |
| ၁၄ | ကြိမ်ခွေ မော် | ကြိမ်ခွေမော် | ၃၅၇ | အမြင့်ဆုံး | ၃၅၇ | (၁၀၀%) |
| ၁၅ | အလယ် ကျွန်း | အလယ် ကျွန်း | ၁၆၃၆ | အမြင့်ဆုံး | ၁၄၃၂ | ( ၈၈%) |
| ၁၆ | ငှက်ချောင်း | ကယ်ဆယ် ရေးစခန်း | ၇၉၇၆ | အမြင့်ဆုံး | ၇၉၇၆ | (၁၀၀%) |
| ၁၇ | ငြင်းချောင်း | သဲခုံ | ၁၀၆၃ | အမြင့်ဆုံး | ၉၅၇ | (၉၀%) |
| | **စုစုပေါင်း လူဦးရေ** | | **၃၂၅၃၃** | | **၂၅၉၇၄** | |

## အခန်း (၃) အရေးပေါ်အခြေအနေကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကဏ္ဍအသီးသီးဖွဲ့စည်းပုံ

အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်တွင် ကြိုတင်သတိပေးချက်ရသည့် အချိန်မှ အရေးပေါ်အခြေအနေတုံ့ပြန် ဆောင်ရွက်ရာတွင် ပြုလုပ်ရမည့်ကဏ္ဍများကို သက်ဆိုင်ရာဌာနများနှင့် ဖော်ထုတ်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး လုပ်ငန်းစဉ်များထိရောက်စွာဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါကဏ္ဍ (၇) ခု အတွက် ဖွဲ့စည်းပုံ၊ ချိတ်ဆက်မှုပြပုံစံ၊ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်ဌာနများ ချိတ်ဆက်ထားရှိမှုကို ဆွေးနွေးဖော်ထုတ်ထားသည်။

- ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ
- ကြိုတင်သတိပေးချက်ကဏ္ဍ
- လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးကဏ္ဍ
- ခိုလှုံရာနေရာ စီမံခန့်ခွဲရေးကဏ္ဍ
- ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ
- ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ
- ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍ

### ၃. ၁ ပေါက်တောမြို့နယ် ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍ

ပေါက်တောမြို့နယ်တွင် သဘာဝဘေးအန္တရာယ် အရေးပေါ်သတင်းရရှိသည်မှသည် တုံ့ပြန်ဆောင်ရွက်သည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများပြုလုပ်နိုင်ရန် မြို့နယ်အတွင်းရှိ ဌာနအကြီးအကဲများပါဝင်သောလုပ်ငန်းအဖွဲ့ကို အောက်ဖော်ပြပါအတိုင်း အသစ်ဖွဲ့စည်းထားသည်။ ထိုသက်ဆိုင်ရာဌာနများမှတဆင့် မြို့နယ်အတွင်းရှိ မှတ်ပုံတင်ရေးအဆင့်ဆင့်တွင် ဖွဲ့စည်းထားသော အသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများစသည့် အဖွဲ့အစည်းများအပြင် မြို့နယ်အတွင်းရှိ ဌာနအသီးသီးနှင့် ခရိုင်၊ ပြည်နယ်နှင့် ကျေးရွာများအထိ အထက်အောက်ချိတ်ဆက်ရာတွင် လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်သည်။

#### ၃. ၁. ၁ ပေါက်တောမြို့နယ် ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | မြို့နယ်ဦးစီးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | အမှုဆောင်အရာရှိ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၄ | ဦးစီးအရာရှိ | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | ဦးစီးအရာရှိ | ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဥက္ကဋ္ဌ | စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| ၇ | တာဝန်ခံ | မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးစီးမှူး | မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | လျှပ်စစ်မှူး | မြို့နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး | အဖွဲ့ဝင် |
| ၁၀ | မြို့နယ်ဦးစီးအရာရှိ | မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၁၁ | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြို့နယ် ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၁၂ | ဦးစီးမှူး | မြို့နယ်မြေစာရင်း ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၃ | မီးသတ်ဦးစီးမှူး | မြို့နယ်မီးသတ်တပ်ဖွဲ့ | အဖွဲ့ဝင် |
| ၁၄ | မြို့နယ်ပညာရေးမှူး | မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| ၁၅ | ဥက္ကဌ | မြို့နယ်ကြက်ခြေနီ အသင်းခွဲ | အဖွဲ့ဝင် |
| ၁၆ | မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး | မြို့နယ်ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၇ | ဦးစီးမှူး | မြို့နယ်ဆည်မြောင်းဦးစီးဌာန | အဖွဲ့ဝင် |
| ၁၈ | မြို့နယ်တာဝန်ခံ | မြို့နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| ၁၉ | ဦးစီးမှူး | စားသုံးသူရေးရာဦးစီး ဌာန | အဖွဲ့ဝင် |
| ၂၀ | ဦးစီးအရာရှိ | မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| ၂၁ | တာဝန်ခံအင်ဂျင်နီယာ | မြို့နယ်လမ်းဦးစီး | အဖွဲ့ဝင် |
| ၂၂ | ဦးစီးအရာရှိ | မြို့နယ်ကျေးလက်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ၂၃ | မြို့နယ်တာဝန်ခံ | မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ၂၄ | ဦးစီးအရာရှိ | မြို့နယ်စာရင်းစစ် ဦးစီးဌာန | အဖွဲ့ဝင် |
| ၂၅ | မြို့နယ်ကြီးကြပ်ရေးမှူး | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၂၆ | ဒုလက်ထောက် ကြီးကြပ်ရေးမှူး | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၂၇ | စာတိုက်မှူး | မြန်မာ့စာတိုက်လုပ်ငန်း | အဖွဲ့ဝင် |
| ၂၈ | လက်ထောက်ညွှန်ကြားရေးမှူး | မြို့နယ်စီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| ၂၉ | ဦးစီးအရာရှိ | မြို့နယ်သမဝါယမ ဦးစီးဌာန | အတွင်းရေးမှူး |

## ၃. ၁. ၂ ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ



### ၃. ၁. ၃ ပေါင်းစပ်ညှိနှိုင်းရေး ကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဌာနများ ချိတ်ဆက်မှုပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့ဌာနနှင့် အဖွဲ့အစည်း |
|---|---|---|
| ၁ | အရေးပေါ်ရုံးဖွင့်လှစ်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၂ | နိုင်ငံတော်အဆင့်ထုတ်ပြန်သည့်တစ်နိုင်ငံလုံးဆိုင်ရာသတိအသိပေးချက်ပေါ်မူတည်၍အစည်းအဝေးခေါ်ယူခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ |
| ၃ | ပြည်သူများအား လိုအပ်သည့် လမ်းညွှန်ပေးမှုများ ချမှတ်ပေးခြင်းနှင့် ကဏ္ဍအသီးသီးအလိုက်ပေါင်းစပ်ညှိနှိုင်းမှုများပြုလုပ်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ |
| ၄ | တာဝန်များခွဲဝေပေးခြင်း | မြို့နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဌ |
| ၅ | မြေပြင်အခြေအနေကိုလေ့လာပြီးလိုအပ်ချက်များကိုစစ်တမ်းကောက်ယူပြီးပြည်နယ်သို့တင်ပြအကူအညီတောင်းခံရယူခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဌ |
| ၆ | ဘေးကျရောက်ပြီးနောက်NGO/INGOs/CSO အဖွဲ့များနှင့်ချိတ်ဆက်ပြီးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုရေးအဖွဲ့များ၊ NGO/INGOs /CSO |

## ၃. ၂ ပေါက်တောမြို့နယ် ကြိုတင်သတိပေးရေးကဏ္ဍ

ပေါက်တောမြို့နယ်သည် ပုံမှန်မိုးရွာသွန်းမှုထက် ပိုများပါကမြစ်ရေကြီးနိုင်ခြင်း၊ လေဖိအားနည်းရပ်ဝန်းအဆင့်တွင်ပင် မိုးများခြင်း၊ ဆိုင်ကလုန်းဘေးမှ ကျရောက်နိုင်ခြေများခြင်းနှင့် မြို့နယ်၏တည်ရှိမှုကပင် ပင်လယ်ရေမျက်နှာပြင်နှင့်အလွန်နီးကပ်ခြင်းတို့ကြောင့် ပြည်သူများဘေးမကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းမှသည် ခိုလှုံရာသို့ရွှေ့ပြောင်းခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ပြုလုပ်နိုင်ရန်နှင့် အရေးပေါ်အခြေအနေ လိုအပ်သော သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်ရန် ကြိုတင်အသိပေးချက် ကဏ္ဍအတွက် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။

### ၃.၂.၁ ပေါက်တောမြို့နယ် ကြိုတင်သတိပေးရေးကဏ္ဍဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်ဦးစီးမှူး | ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန | ဥက္ကဋ္ဌ |
| ၂ | တာဝန်ခံအင်ဂျင်နီယာ | ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၄ | လ/ထပညာရေးမှူး | မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| ၅ | မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး | မြို့နယ်ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဦးစီးမှူး | မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ | အဖွဲ့ဝင် |
| ၇ | ဥက္ကဋ္ဌ | မြို့နယ်အမျိုးသမီးရေးရာကော်မတီ | အဖွဲ့ဝင် |
| ၈ | ဥက္ကဋ္ဌ | မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| ၉ | ဥက္ကဋ္ဌ | မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပေါက်တော) | အဖွဲ့ဝင် |
| ၁၀ | | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (အားလုံး) | အဖွဲ့ဝင် |
| ၁၁ | ဒုဦးစီးမှူးခွဲ(၂) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

### ၃.၂.၂ ကြိုတင်သတိပေးရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ



### ၃. ၂. ၃ ကြိုတင်သတိပေးရေးကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနများ ချိတ်ဆက်မှု ပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း၊ ဌာန |
|---|---|---|
| ၁ | မုန်တိုင်းသတိပေးချက်ရသည်နှင့်တပြိုင်နက်သတင်းအချက်အလက်များရယူခြင်း၊ကြိုတင်ပြင်ဆင်ခြင်း၊ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်း |
| ၂ | မြို့ပေါ်ပြည်သူလူထုထံသို့ ကြိုတင်ပြင်ဆင်နိုင်ရန် နိုးဆော်အသိပေးခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်း၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး |
| ၃ | ကျေးရွာများသို့ ကြိုတင်အသိပေးနိုင်ရန် ဖုန်း၊ စာ၊ ဆက်သားစနစ် အသုံးပြု၍အသိပေးခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ CSO အဖွဲ့များ |
| ၄ | ထိခိုက်ခံရလွယ်သောအုပ်စုများကိုဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရန် ကြိုတင်အသိပေးခြင်း (ကိုယ်ဝန် ဆောင်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ နှင့် ကလေးသူငယ်များ) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်း၊ |
| ၅ | အရေးပေါ်နေရာကွပ်ကဲရေးနေရာတခုရှာဖွေတည်ဆောက်သတ်မှတ်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်း၊ |
| ၆ | တာဝန်ပေးဖွဲ့စည်းထားသည့် အတိုင်းအဖွဲ့အစည်း များမှလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်း၊ |
| ၇ | မိုးဇလမှထုတ်ပြန်သော မုန်တိုင်းအခြေအနေကို စဉ်ဆက်မပြတ်စောင့်ကြည့်ပြန်ကြားခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ |

## ၃. ၃ ပေါက်တောမြို့နယ် လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးကဏ္ဍ

ဘေးကျရောက်ပြီးနောက် ထောက်ပံ့ပို့ဆောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပေါင်းစပ်လျက်လုံခြုံရေး လုပ်ငန်း များဆောင်ရွက်ခြင်း၊ ခိုလှုံရာနေရာများတွင် လူကုန်ကူးခြင်း၊ လုမှောင်ခိုကူးခြင်းမဖြစ်ပွားအောင် ကာကွယ်တားဆီးခြင်းနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် အောက်ဖော်ပြပါအတိုင်း လုံခြုံရေးကဏ္ဍ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းထားသည်။ ထို့အပြင် ရှာဖွေကယ်ဆယ်ရေးကဏ္ဍအတွက် ပေါက်တောမြို့နယ်တွင် ဌာနဆိုင်ရာ များနှင့် ဖွဲ့စည်းထားရှိသာမက ဘေးအန္တရာယ်အမျိုးမျိုးအတွက် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်

နိုင်ရန်ရည်ရွယ်ချက်ဖြင့် ဒေသတွင်းရှိ စေတနာ့ဝန်ထမ်းလူငယ်များ၊ လူမှုရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားသော သူများနှင့် အရံမီးသတ်၊ ကျေးရွာရှိ လူငယ်ကြက်ခြေနီများပါဝင်သော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအဖွဲ့ (Rapid Response Team) ဖွဲ့စည်းထားရန် အကြံပြုကာ ရပ်ကွက် (၁)ခုလျှင် လူဦးရေ (၁၀)ဦးကျဖြင့် စုစုပေါင်း ဦးရေ (၅၀) ဖြင့်ဖွဲ့စည်းထားရှိပြီး လုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများစီမံဆောင်ရွက်ရန် အောက်တွင်ဖော်ပြ ထားသော ဌာနများဖြင့် ဖွဲ့စည်းထားသည်။

## ၃. ၃. ၁ ပေါက်တောမြို့နယ်လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးကဏ္ဍဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဥက္ကဋ္ဌ |
| ၂ | လဝကမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | တပ်ခွဲမှူး | အရံမီးသတ်တပ်ဖွဲ့ | အဖွဲ့ဝင် |
| ၄ | ရဲကင်းမှူး | ဆင်တက်မော်ရဲကင်း | အဖွဲ့ဝင် |
| ၅ | ရဲကင်းမှူး | ကျောက်တောင်ရဲကင်း | အဖွဲ့ဝင် |
| ၆ | တပ်ဖွဲ့မှူး | မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၇ | တာဝန်ခံအင်ဂျင်နီယာ | မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | မြို့နယ်ဦးစီးမှူး | ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | လ/ထ ဆရာဝန် | မြို့နယ်ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၀ | ဒုဦးစီးမှူး-ခွဲ(၃) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၁ | ဦးစီးမှူး | မီးသတ်ဦးစီးဌာန | အတွင်းရေးမှူး |

## ၃. ၃. ၂ လုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ



### ၃.၃.၃ လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေး ကဏ္ဍလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု ဌာနများချိတ်ဆက်မှုပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း၊ ဌာန |
|---|---|---|
| ၁ | မုန်တိုင်းသတိပေးချက်ရရှိသည်နှင့်တပြိုင်နက် ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန်ကြို တင်ပြင်ဆင်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီ၊ အရံမီးသတ်တပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ |
| ၂ | အရေးပေါ် သတင်းရရှိပါကဖွဲ့စည်းပုံအင်အားအတိုင်းလုံခြုံရေးနှင့်ကယ်ဆယ်ရေး လုပ်ငန်းများအားဆောင်ရွက်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့။ |
| ၃ | အရေးပေါ် နေရာကိုရောက်ရှိပါကကွပ်ကပ်ရေး နေရာတစ်ခုတည်ဆောက်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ် ဖွဲ့ ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့။ |
| ၄ | ထိခိုက်ခံရလွယ်သောမသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုနာမကျန်းသူများ၊ ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်များအား ဦးစားပေးရွှေ့ပြောင်းခြင်း။ | မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ ကျန်းမာရေးဦးစီးဌာန၊မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ တပ်ဖွဲ့။ |
| ၅ | ဘေးဖြစ်ပြီးရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ် ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ တပ်ဖွဲ့ |
| ၆ | ထိခိုက်ဒဏ်ရာရသူများ၊ဘေးကျရောက်သူများ၊ တိရိစ္ဆာန်များ၊ရေတွင်းရေကန်များနှင့်အဆောက်အဦးများပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ ကြက်ခြေနီ၊ အရံမီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ ကျေးလက်လမ်းဦးစီးဌာန၊ လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ လျှပ်စစ်ဦးစီးဌာန၊ စာရင်းစစ်ဦးစီးဌာန |
| ၇ | ဘေးကျရောက်သူခိုက်ရန်ဖြစ်ပွားမှုမရှိစေရေး၊ အန္တရာယ်ရှိသောနေရာများသို့မထွက်ခွာစေရေး၊ အနီးကပ်ကြည့်ရှုပြီး ပြင်ပမှုသမသာသူများ ဝင်ရောက်လုယက်မှုမရှိစေရေးအတွက် လုံခြုံရေးအနေဖြင့်အချိန်အပိုင်းအခြားဖြင့် ကင်းစောင့်ပြီး(၂၄) နာရီကင်းချထားခြင်း။ | မြို့နယ်ရဲတပ်ဖွဲ့၊ |

## ၃. ၄ ပေါက်တောမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ

ပေါက်တောမြို့နယ်တွင် ဆိုင်ကလုန်းဘေးကြောင့် ဘေးသင့်ပြည်သူများ ခိုလှုံရာနေရာများသို့ ပြောင်းရွှေ့ခိုလှုံစဉ်ကာလ ခိုလှုံရာနေရာအသီးသီးတွင် စီမံခန့်ခွဲရမည့် လုပ်ငန်းစဉ်များဖြစ်သော စားရေရိက္ခာဖြန့်ဖြူးခြင်း၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းအောင်ပြုလုပ်ခြင်း၊ နောက်ဆက်တွဲ ကပ်ဘေးဆိုးများ မဖြစ်ပွားအောင် အသိပညာပေးခြင်း၊ ထိခိုက်ခံရလွယ်အုပ်စုများကို အကာအကွယ်ပေးခြင်း၊ ယာယီခိုလှုံရာနေရာများနှင့် ယာယီစာသင်ကျောင်းများအတွက် စီမံခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေခြင်းစသည့် လုပ်ငန်းများပံ့ပိုးနိုင်ရန် ခိုလှုံရာနေရာ စီမံခန့်ခွဲရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။

### ၃. ၄. ၁ ပေါက်တောမြို့နယ်ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဌ |
| ၂ | မြို့နယ်ပညာရေးမှူး | မြို့နယ်အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | မြို့ပြအင်ဂျင်နီယာ | မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | တာဝန်ခံအင်ဂျင်နီယာ | မြို့နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | မြို့နယ်ဦးစီးဌာနမှူး | မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဦးစီးအရာရှိ | မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးအရာရှိ (နည်းပညာ) | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | မြို့နယ်ဦးစီးမှူး | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အတွင်းရေးမှူး |

### ၃. ၄. ၂ ခိုလှုံရာနေရာ စီမံခန့်ခွဲရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ



### ၃. ၄. ၃ ခိုလှုံရာနေရာ စီမံခန့်ခွဲရေးကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနများချိတ်ဆက်မှုပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော် ဆောင်ရွက်သည့် အဖွဲ့အစည်း၊ ဌာန |
|---|---|---|
| ၁ | ယာယီခိုလှုံရာနေရာများ သတ်မှတ်ဖော်ထုတ် ထားရှိခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ သာသနာရေးဦးစီး ဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံ တင်ရေးဦးစီးဌာန၊ ရပ်ကျေးအုပ် ချုပ်ရေးမှူးများ |
| ၂ | ယာယီခိုလှုံရာနေရာများရှိ လူဦးရေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ ကောက်ယူစာရင်း ပြုစုခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံ တင်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ |
| ၃ | ထိခိုက်ခံရလွယ်သော မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရန်ဆောင်ရွက်ပေးခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံ တင်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြို့ နယ်ရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ |
| ၄ | ခိုလှုံရာနေရာများတွင် ရေကောင်းရေသန့်များ ရရှိအောင်ဆောင် ရွက်ပေးခြင်း၊အမှိုက်စွန့်ပစ်ရန် နေရာများနှင့်အိမ်သာများကိုစနစ်တကျ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးခြင်း။ | ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ ကြက်ခြေနီအသင်း |
| ၅ | ထောက်ပံ့ရေးပစ္စည်းများ၊ စားနပ်ရိက္ခာများ ဖြန့်ဝေပေးခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကြက်ခြေနီ အသင်း၊ စေတနာ့ဝန်ထမ်း |
| ၆ | ယာယီခိုလှုံရေးစခန်းများတွင် လုံခြုံရေးလုပ်ငန်းများစီစဉ်ဆောင် ရွက်ထားခြင်း။ | မြို့နယ်ရဲတပ်ဖွဲ့၊ ကြက်ခြေနီအသင်း၊ စေတနာ့ဝန်ထမ်း၊ |
| ၇ | ခိုလှုံရာနေရာချထားသောနေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း။ | ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့ |

## ၃. ၅ ပေါက်တောမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ

ပေါက်တောမြို့နယ်အတွင်း ဘေးအန္တရာယ်ကျရောက်စဉ်ကာလ ထိခိုက်ဒဏ်ရာရသူများအား ညွှန်းပို့ခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ နောက်ဆက်တွဲရောဂါများ မဖြစ်ပွားအောင်တားဆီးခြင်း၊ နာတာရှည်ဝေဒနာခံစားနေရသူများအတွက် လိုအပ်ဆေးဝါးများ စီစဉ်ခြင်းစသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် အောက်တွင်ဖော်ပြပါဌာနများဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။

### ၃. ၅. ၁ ပေါက်တောမြို့နယ်ကျန်းမာရေးစောင့်ရှောက်ရေးကဏ္ဍဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး | မြို့နယ် ကျန်းမာရေးဦးစီးဌာန | ဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| ၂ | ဒုဦးစီးမှူး | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | လ/ထ ဦးစီးမှူး | မြို့နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးဌာနမှူး | မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | တပ်ဖွဲ့မှူး | မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၆ | ဥက္ကဋ္ဌ | မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| ၇ | ကျန်းမာရေးမှူး | ကျေးလက်ကျန်းမာရေးဌာနခွဲများ | အဖွဲ့ဝင် |
| ၈ | ဥက္ကဋ္ဌ | မြို့နယ်အမျိုးသမီးရေးရာကော်မတီ | အဖွဲ့ဝင် |
| ၉ | တိုက်နယ်ဆရာဝန် | ကျောက်တောင်တိုက်နယ်ဆေးရုံ | အတွင်းရေးမှူး |

### ၃. ၅. ၂ ကျန်းမာရေးစောင့်ရှောက်ရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ




### ၃. ၅. ၃ ကျန်းမာရေးစောင့်ရှောက်ရေး ကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဌာနများ ချိတ်ဆက်မှုပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက် မည့်အဖွဲ့အစည်း၊ ဌာန |
|---|---|---|
| ၁ | ကျေးလက်ကျန်းမာရေးဌာန(၈)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၃၆)ခုတွင် အရေးပေါ်ဖြစ်လာပါက အဆင်သင့်ဖြစ်စေရန် လိုအပ်သောဆေးဝါးများ ကြိုတင်ပြင်ဆင်ထားခြင်း။ | မြို့နယ်ကျန်းမာရေးဦးစီးဌာန |
| ၂ | ကျန်းမာရေးဝန်ထမ်းများအား သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သောသင်တန်းများ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုသင်တန်းများ ပို့ချထားခြင်း။ | မြို့နယ်ကျန်းမာရေးဦးစီးဌာန |

| | | |
|---|---|---|
| ၃ | အရေးပေါ် အခြေအနေဖြစ်ပေါ် လာပါကခိုလှုံရာနေရာတွင်ယာယီဆေးပေးခန်း များဖွင့်လှစ်ထားရှိခြင်း။ | မြို့နယ်ကျန်းမာရေးဦးစီးဌာန |
| ၄ | ဘေးကျရောက်ပြီးနောက် ထိခိုက်ဒဏ်ရာရလူနာနှင့် အရေးကြီးလူနာများ အား ရှာဖွေဖော်ထုတ်ပြီးဆေးကုသပေးခြင်း၊ မြို့ပေါ်သို့လွှဲပြောင်းပေးခြင်း။ | မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့၊ ပရဟိတအသင်း |
| ၅ | အန္တရာယ်ကျရောက်လွယ်သော သက်ကြီးရွယ်အို၊ ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်များအား မျက်ခြေမပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း။ | မြို့နယ်ကျန်းမာရေးဦးစီးဌာန |
| ၆ | ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သော လူနာများအား ပြန်လည်ထူထောင်ရေးဌာနသို့လွှဲပြောင်းခြင်း။ | မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ အမျိုးသမီးရေးရာအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း |
| ၇ | နောက်ဆက်တွဲရောဂါများ မဖြစ်ပွားစေရန်ခိုလှုံရာနေရာတွင် နေထိုင်သောသူများအားလည်းကောင်း၊ ဘေးသင့်ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်း။ | မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီအသင်း |

## ၃. ၆ ပေါက်တောမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ

ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ်များဖြစ်သော စားရေရိက္ခာ၊ ဆေးဝါး၊ အဝတ်အထည်၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ယာယီခိုလှုံရာပစ္စည်း စသည်တို့ကို ပို့ဆောင်ပေးခြင်း၊ ပို့ဆောင်ဆက်သွယ်မှုအတွက် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများ ကြိုတင်ဖော်ထုတ်ထားခြင်း၊ ဌာနဆိုင်ရာများ၊ လူမှုဂရုဏာအဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ကြိုတင်ပေါင်းစပ်ထားခြင်း စသောလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ဌာနများဖြင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။

### ၃. ၆. ၁ ပေါက်တောမြို့နယ်ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | ဦးစီးအရာရှိ | ကျေးလက်ဦးစီးဌာန | ဥက္ကဌ |
| ၂ | တပ်ဖွဲ့မှူး | မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးမှူး | မြို့နယ်မီးသတ်သတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | ဦးစီးအရာရှိ | မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | ဥက္ကဌ | မထသ | အဖွဲ့ဝင် |
| ၆ | ဥက္ကဌ | ရေယာဥ်လိုင်း | အဖွဲ့ဝင် |
| ၇ | ဒုလ/ထကြီးကြပ်ရေးမှူး(စက်မှူး) | မြန်မာ့ဆက်သွယ်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဒုဦးစီး (ခွဲ-၂) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | မြို့နယ်ရဲတပ်မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၁၀ | အမှုဆောင်အရာရှိ | စည်ပင်သာယာရေးအဖွဲ့ | အတွင်းရေးမှူး |

### ၃. ၆. ၂ ထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ




### ၃. ၆. ၃ ထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာနများ ချိတ်ဆက်မှုပြဇယား

ဘေးအန္တရာယ် ကျရောက်ပြီးပြီးခြင်း ဘေးသင့်ပြည်သူများ အသက်ရှင်သန်နိုင်ရေးအတွက် ၎င်းတို့၏ လိုအပ်ချက်များကို ကနဦးဆန်းစစ်ပြီးနောက် အသက်ကယ်ဆယ်ရေးပစ္စည်းများအား အချိန်နှင့်တပြေးညီပေးပို့ခြင်း၊ ဒေသတွင်းရှိ ထိခိုက်ခံရလွယ်သော ပြည်သူများအတွက် ၎င်းတို့ ခိုလှုံရာနေရာတွင် ရှိနေစဉ်အတွင်း လိုအပ်သော စားရေ၊ ရိက္ခာများ ဖော်ထုတ်ခြင်းနှင့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့သို့တင်ပြခြင်း၊ ဒဏ်ရာရသူများအား အခြားလုပ်ငန်းကဏ္ဍများနှင့် ပေါင်းစပ်ကာ ညွှန်းပို့ခြင်း၊ ပိတ်ဆို့နေသော လမ်းကြောင်း (ကုန်း၊ ရေ) လမ်းများအား ရှင်းလင်းခြင်းစသည့် လုပ်ငန်းများကို ဘေးကျရောက်ပြီးပြီးခြင်း ၁၂ နာရီ၊ ၂၄နာရီ၊ ၄၈နာရီစသဖြင့် ဖော်ဆောင်သင့်သည်များကို ဖော်ထုတ်ဆွေးထုတ်ထားသည်။

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း၊ ဌာန |
|---|---|---|
| ၁ | အရေးပေါ်ဘေးအန္တရာယ်ဖြစ်လာပါကထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်း၊ |

| | | |
|---|---|---|
| | စဉ်များ အချိန်မီဆောင်ရွက်နိုင်ရန် အစည်းအဝေး ပြုလုပ်ခြင်း။ | ငါးလုပ်ငန်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာဦးစီးဌာန |
| ၂ | ဂိုဒေါင်များဖော်ထုတ်ထားရှိခြင်း။ | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦး စီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ သာသနာ ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံ တင်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန |
| ၃ | စားနပ်ရိက္ခာ၊ ရေသန့်၊ အဝတ်အထည်နှင့်ဆေးဝါး များစုဆောင်းဖော်ထုတ်ထားရှိခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီးပွားရေးလုပ် ငန်းရှင်များ၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ် ကြက်ခြေနီအသင်း၊ ကျန်းမာရေးဦးစီးဌာန၊ လူမှုရေးအဖွဲ့ အစည်းများ |
| ၄ | ကုန်းလမ်း၊ ရေလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း များဆောင်ရွက်နိုင်ရန်ခိုင်ခန့်သောရေယာဉ်များ၊ ကားများစာရင်းကိုဖော်ထုတ်ထားရှိခြင်း။ | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မထသ၊ ရေ ယာဉ်ပိုင်ရှင်များအသင်း၊ စည်ပင်သာယာရေးကော်မတီ |
| ၅ | ထိခိုက်ခံရလွယ်မှုအများဆုံးနေရာများသို့ဦးစားပေး ဖြန့်ဝေခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ် ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်း |
| ၆ | ဘေးကျရောက်ပြီးနောက်ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများ အဆင်ပြေချောမွေ့နိုင်စေရန် ကုန်း လမ်း၊ ရေလမ်းများကိုဖော်ထုတ်ထားရှိခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ် ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မထသ၊ ငါးလုပ်ငန်း၊ စည်ပင် သာယာရေးကော်မတီ |

## ၃. ၇ ပေါက်တောမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူရေးလုပ်ငန်းကဏ္ဍ

ဘေးအန္တရာယ်ကျရောက်ပြီးပြီးခြင်း ဘေးသင့်ပြည်သူများ၏ လိုအပ်ချက်ကို ဆောလျင်စွာသိရှိနိုင်ရန် ကနဦး လိုအပ် ချက်ဆန်းစစ်မှုပြုလုပ်ခြင်း၊ သက်ဆိုင်ရာအထက်သို့ တင်ပြခြင်း၊ ပျက်စီးဆုံးရှုံးမှုအချက်အလက်များကို ကောက်ယူ စာရင်းပြုစုခြင်း၊ မှတ်တမ်းတင်ခြင်း စသောလုပ်ငန်းစဉ်များ ဖော်ဆောင်ရန် အောက်ဖော်ပြပါ ဌာနများဖြင့် ကနဦး လိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူရေးကဏ္ဍ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းထားသည်။

### ၃. ၇. ၁ ပေါက်တောမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူရေး လုပ်ငန်းကဏ္ဍဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | လ/ထညွှန်မှူး | မြို့နယ်စီမံကိန်းဦးစီးဌာန | ဥက္ကဌ |
| ၂ | အမှုဆောင်အရာရှိ | မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| ၃ | ကျောင်းအုပ်ကြီးများ (ထက်/လယ်/မူ) | မြို့နယ်ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | မြို့နယ်လျှပ်စစ်မှူး | မြို့နယ်လျှပ်စစ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | လဝကမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | စခန်းမှူး | မြို့မရဲစခန်း | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၇ | ဒုမြို့နယ်ပညာရေးမှူး | မြို့နယ်ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | လ/ထ ဆရာဝန် | မြို့နယ်ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | တပ်ခွဲမှူး | မြို့နယ်ကြက်ခြေနီအဖွဲ့ | အဖွဲ့ဝင် |
| ၁၀ | ဒုဦးစီးမှူးခွဲ(၁) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၁ | ဦးစီးအရာရှိ | မြို့နယ်သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| ၁၂ | လက်ထောက်ဦးစီး | မြို့နယ်မီးသတ်ဦးစီးဌာန | |
| ၁၃ | | သက်ဆိုင်ရာရပ်ကျေးအုပ်ချုပ်ရေးမှူးများ | အဖွဲ့ဝင် |
| ၁၄ | ဒုဦးစီးမှူး | မြို့နယ်ကျေးလက်ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၅ | ဦးစီးအရာရှိ | မြို့နယ်စာရင်းစစ် ဦးစီးဌာန | အတွင်းရေးမှူး |

### ၃. ၇. ၂ ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ




### ၃. ၇. ၃ ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူရေးကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်ဌာနများ ချိတ်ဆက်မှုပြဇယား

ဘေးအန္တရာယ်ကျရောက်ပြီးပြီးခြင်း ဘေးသင့်ပြည်သူများ၏ လိုအပ်ချက်ကို ဆောလျင်စွာသိရှိနိုင်ရန် ကနဦး လိုအပ်ချက်ဆန်းစစ်မှုပြုလုပ်ခြင်း၊ သက်ဆိုင်ရာအထက်သို့ တင်ပြခြင်း၊ ပျက်စီးဆုံးရှုံးမှုအချက်အလက်များကို ကောက်ယူစာရင်းပြုစုခြင်း၊ မှတ်တမ်းတင်ခြင်း စသောလုပ်ငန်းစဉ်များ ဖော်ဆောင်ရန် အောက်ဖော်ပြပါ ဌာနများဖြင့် ကနဦး လိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူရေးကဏ္ဍလုပ်ငန်းအဖွဲ့ ဖွဲ့စည်းထားသည်။

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း၊ ဌာန |
|---|---|---|
| ၁ | မြို့နယ်ကော်မတီဝင်များနှင့်ပျက်စီးဆုံးရှုံးမှုကော်မတီဝင်များပူးပေါင်းပြီးပျက်စီးဆုံးရှုံးမှုစာရင်းများကောက်ယူရန်အစည်းအဝေးပြုလုပ်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ စာရင်းစစ်ဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန။ |
| ၂ | ဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးမှုကိန်းဂဏန်းအချက်အလက်ကောက်ယူသည့်ပုံစံနှင့်ထိခိုက်ပျက်စီးဆုံးရှုံးမှုကနဦး ဆန်းစစ်ချက် (Mobile Application) ကို သက်ဆိုင်ရာဌာနများမှကြိုတင်ပြင်ဆင်ထားရှိခြင်းနှင့်သင်တန်းပို့ချခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ စာရင်းစစ်ဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန။ |
| ၃ | မြေပြင်အနေအထားအား ကနဦး စာရင်းကောက်ယူခြင်း။ | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန။ |
| ၄ | မြေပြင်အနေအထားအားကွင်းဆင်းပြီးအသေးစိတ်စာရင်းကောက်ယူခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန။ |
| ၅ | ကောက်ယူရရှိသောစာရင်းဇယားအချုပ်ကိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးသို့တင်ပြပြီး၎င်းမှတဆင့်သက်ဆိုင်ရာအထက်အဖွဲ့အစည်းသို့တင်ပြခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန။ |

## အခန်း (၄) ပေါက်တောမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ

### ၄. ၁ အရေးပေါ်ကာလကြိုတင်ပြင်ဆင်ရေး

ဆိုင်ကလုန်းမုန်တိုင်းကြောင့် အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရာတွင် ဘေးအန္တရာယ်ကျရောက်နိုင်သော ကျေးရွာ၊ ထိခိုက်ခံရနိုင်ခြေများသော လူဦးရေစသည့် လေ့လာဆန်းစစ်ချက်များပြုစုခြင်း၊ ဘေးအန္တရာယ်လွတ်ကင်းသည့် ယာယီခိုလှုံရာနေရာများ၊ ဘေးလွတ်ရာနေရာများကို ကြိုတင်စာရင်းပြုစုပြီး ပြေးလမ်းကြောင်းများ ဖော်ထုတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးအတွက် ယာဉ်၊ ယန္တရား၊ ပစ္စည်း၊ စက်သုံးဆီနှင့် အခြားလိုအပ်သော အရင်းအမြစ်များကို ကြိုတင်စုဆောင်းပြင်ဆင်ခြင်း၊ ရပ်ရွာလူထုများ အချိန်မီရှောင်တိမ်းနိုင်ရေးနှင့် ပစ္စည်းဥစ္စာများ၊ ကျွဲနွားတိရစ္ဆာန်များ ရွှေ့ပြောင်းနိုင်ရန် သတင်းအချက်အလက်နှင့် သတိပေးချက်များထုတ်ပြန်ရေး၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများ (အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် သားသည်မိခင်များ) အား ဦးစားပေးစောင့်ရှောက်ခြင်း၊ အရေးပေါ်အခြေအနေ ရှာဖွေကယ်ဆယ်ရေးအတွက် ဇာတ်တိုက် လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် အစမ်းလေ့ကျင့်ခြင်း၊ ကယ်ဆယ်ရေးနှင့် အရေးပေါ်အကူအညီထောက်ပံ့ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အစိုးရဌာနအချင်းချင်း ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ထားရန်နှင့် နိုင်ငံတကာ အဖွဲ့အစည်းနှင့် အခြားသော ဆက်နွယ်ပတ်သက်သူများနှင့် ကြိုတင်ညှိနှိုင်းပူးပေါင်းထားခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ရန်လုပ်ငန်းစဉ်များ ဖော်ထုတ်ထားသည်။

### ၄. ၂ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေး

မြန်မာနိုင်ငံတွင် ၂၀၁၃ခု ဇူလိုင်လ (၃၁)ရက်နေ့တွင်ပြဌာန်းထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေနှင့် ၂၀၁၅ခုနှစ် ဧပြီလ (၇) ရက်နေ့တွင် ထုတ်ပြန်ထားသော နည်းဥပဒေ ပုဒ်မ (၁၆) ပါ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ချေရှိသည့် ဒေသတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီစသည့် အခြားလူမှု အဖွဲ့အစည်းဝင်များ စုပေါင်းပါဝင်သော အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့ကို ဒေသဆိုင်ရာအရင်းအမြစ် စီမံခန့်ခွဲမှုတို့အပေါ် အခြေခံပြီးဖွဲ့စည်းထားရှိရန် ဖော်ပြထားသည်နှင့်အညီ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီမှ လမ်းညွှန်မှုဖြင့် မင်းပြားမြို့နယ်တွင် အောက်ဖော်ပြပါ အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစိုးရဌာနများနှင့် လူမှုဖက်အဖွဲ့အစည်း၊ လူမှုဂုဏ အဖွဲ့အစည်း၊ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များဖြင့်ဖွဲ့စည်းထားသင့်ကြောင်းအကြံပြုဆွေးနွေးထားပြီး ပေါက်တောမြို့နယ် အတွင်းရှိ ရပ်ကွက် (၅) မှ စေတနာ့ဝန်ထမ်း လူငယ်များ၊ အတွေ့အကြုံရှိသော လူကြီးများ ၏ ဦးဆောင်မှုဖြင့် လူဦးရေ (၅၀) တို့ပါဝင်သော အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး ၎င်းတို့၏ ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်ထားပြီး နောက်ဆက်တွဲ (၈) တွင် ကြည့်နိုင်သည်။

### ၄. ၃ သဘာဝဘေးကျရောက်နေသည့်အဆင့်တွင် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် သတ်မှတ်ထားရှိချက်

နည်းဥပဒေအပိုဒ် (၃၀)တွင် သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေကို အဆင့်(၅)ဆင့် သတ်မှတ်ထားသည်။

- အရေးပေါ်အခြေအနေအဆင့် (၅) - ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟု ယူဆလျှင်
- အရေးပေါ်အခြေအနေအဆင့် (၄) - မြို့နယ်အဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟု ယူဆလျှင်

- အရေးပေါ်အခြေအနေအဆင့် (၃) - ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသ (သို့မဟုတ်) ခရိုင်အဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟု ယူဆလျှင်
- အရေးပေါ်အခြေအနေအဆင့် (၂) - တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ ထိန်းချုပ်ဆောင်ရွက်နိုင်သည်ဟုယူဆလျှင်
- အရေးပေါ်အခြေအနေအဆင့် (၁) - အမျိုးသားအဆင့်မှ ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်သည်ဟု ယူဆလျှင် ဟု အဆင့် (၅) မှ အဆင့် (၁) အထိ ဖော်ထုတ်ထားသည်။

အရေးပေါ်အဆင့် သတ်မှတ်ရာတွင် အောက်ဖော်ပြပါအချက်များပေါ်မူတည်ပြီး သတ်မှတ်နိုင်သည်။ အရေးပေါ်အခြေအနေအမျိုးအစားများမှာ -

(က) ဒေသတွင်းမှ အခြေအနေကို မိမိအဆင့်ဖြင့် ထိန်းချုပ်ဆောင်ရွက်နိုင်စွမ်းမရှိလျှင် အခြားအထက်အဆင့်အဖွဲ့များ၏ အရေးပေါ်အကူအညီကို တောင်းခံရန်လိုအပ်ခြင်း။

(ခ) အရေးပေါ်အခြေအနေကို တုံ့ပြန်ဆောင်ရွက်ရမည့် အုပ်ချုပ်ရေးဒေသမှာ တစ်ခုထက်ပိုမိုခြင်း။

(ဂ) သဘာဝဘေးအန္တရာယ်နှင့် ယင်း၏ ဆိုးကျိုးသက်ရောက်မှုများသည် အခြားဒေသများသို့ လျင်မြန်စွာ ပျံ့နှံ့နိုင်သည်ဟု ယူဆခြင်းတို့ဖြစ်သည်။

အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရန်မှာ မြို့နယ်အဆင့်ဖြစ်သောကြောင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းကို ကိုယ်တိုင် တာဝန်ယူဆောင်ရွက်ရပြီး ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်မှုနှင့် ကနဦးဆန်းစစ်ချက် (ဘေးသင့်ဒေသ၊ ထိခိုက်ခံရ သူ၊ အရေအတွက်၊ အခြေခံအဆောက်အဦး နှင့်အခြား ပျက်စီးမှုများ၊ ပြည်သူ့ဝန်ဆောင်မှုနှင့် အစိုးရလုပ်ငန်းနှောင့် နှေးမှု)နှင့် ဘေးအန္တရာယ်ဖြစ်ပွားမှု အခြေအနေများကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်းနှင့် ထိန်းချုပ်မှုထက်ကျော်လွန်သည်ဟု ယူဆပါက ခရိုင်စီမံခန့်ခွဲမှုအဖွဲ့ထံမှ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအတွက် ပံ့ပိုးနိုင်ရန် အကူအညီတောင်းခံရမည်ဖြစ်သည်။

ပေါက်တောမြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်းသတင်းနှင့် သတိပေးချက်ထုတ်ပြန်ချက် ရရှိချိန်မှစတင်ပြီး အရေးပေါ်ကာလကြိုတင်ပြင်ဆင်ခြင်းမှသည် တုံ့ပြန်ဆောင်ရွက်ရာတွင် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် စံသတ်မှတ်ထားသော အရေးပေါ် တုံ့ပြန်ဆောင်ရွက်လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍ အသီးသီးအတွက် ဖော်ထုတ်ရေးဆွဲထားသည်။

## ၄. ၄. ပေါက်တောမြို့နယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးကဏ္ဍ အသီးသီးအတွက် စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ

### ၄. ၄. ၁ ပေါက်တောမြို့နယ် ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
|---|---|---|---|---|---|---|
| ၁ | အရေးပေါ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် (EOC)ရုံးဖွင့်လှစ်ဆောင်ရွက်ခြင်း<br><br>ပြည်နယ်နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ | ▪ အစည်းအဝေးခေါ်ယူခြင်း<br>▪ အစည်းအဝေးအရတာဝန်များ ခွဲဝေပေးခြင်း | ▪ မြန်မာနိုင်ငံမိုးဇလဌာနမှ မုန်တိုင်းသတင်းကြေညာချိန် (အချိန်နှင့်တပြေးညီသတင်းလက်ခံရရှိချိန်) | ရုံးသုံးပရိဘောဂများနှင့် စာရေးကိရိယာများ | ▪ သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲများ<br>▪ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ<br>▪ NGO, CSO<br>▪ စီးပွားရေးလုပ်ငန်းရှင်၊ အလှူ ရှင်၊ ပရဟိတအဖွဲ့ဝင်များ |
| ၂ | လုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန် အစည်းအဝေးများပြုလုပ်ဆောင်ရွက်ခြင်းနှင့်တာဝန်ခွဲဝေပေးခြင်း | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ | ▪ လုပ်ငန်းစဉ်များအားအဆင့်ဆင့်ဆောင်ရွက်နိုင်ရန်ဆွေးနွေးခြင်း<br>▪ လုပ်ငန်းတာဝန်များခွဲဝေသတ်မှတ်ဆောင်ရွက်ခြင်း<br>▪ ခိုလှုံရာနေရာသတ်မှတ်ခြင်း | မုန်တိုင်းသတင်းရရှိချိန်နှင့် တပြိုင်နက် | ▪ ဖုန်းနံပါတ်စာရင်းများ<br>▪ I-Com များ၊<br>▪ Fax စက်များ၊ | ▪ သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲများ<br>▪ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ<br>▪ စီးပွားရေးလုပ်ငန်းရှင်၊ အလှူ ရှင်၊ ပရဟိတအဖွဲ့ဝင်များ |

| | | | | | | |
|---|---|---|---|---|---|---|
| ၃ | ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ | ▪ ဌာနဆိုင်ရာအဖွဲ့စည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>▪ အပြင်တခြားလူမှုအဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း | ဘေးမကျမီနှင့်ဘေးကျရောက်ပြီးနောက် | ဆက်သွယ်ရေးကိရိယာ၊ ထောက်ပံ့ရေးပစ္စည်းများဖော်ထုတ်ထားရှိခြင်း | ▪ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင်များ<br>▪ UN/ INGO<br>▪ ပရဟိတအဖွဲ့များ |
| ၄ | ဘေးလွတ်ကင်းရာမြို့နယ်များမှအကူအညီရယူရန် ပေါင်းစပ်ညှိနှိုင်းခြင်း | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ | အစည်းဝေးများပြုလုပ်ပြီးဖိုနိုင်းများ၊ ကြော်ငြာစာများပေးပို့ခြင်း၊ ဖုန်းအဆက်သွယ်ပြုလုပ်ခြင်း။ | မုန်တိုင်းပြီးဆုံးချိန် (၂၄)နာရီ အတွင်း ဆောင်ရွက်ခြင်း | ▪ စာရွက်စာတမ်းများ၊<br>▪ ဖုန်း၊<br>▪ UN/ INGO<br>▪ လက်ကမ်းစာစောင်များ၊<br>▪ ပိုစတာများ၊<br>▪ ဓါတ်ပုံမှတ်တမ်းများ | ▪ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊<br>▪ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>▪ လူမှုအဖွဲ့အစည်းများ<br>▪ UN/INGO<br>▪ ပရဟိတအဖွဲ့များ |

## ၄. ၄. ၂ ပေါက်တောမြို့နယ် ကြိုတင်အသိပေးရေးကဏ္ဍ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
|---|---|---|---|---|---|---|
| ၁ | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အစည်းအဝေးများပြုလုပ်ဆောင်ရွက် ခြင်း<br><br>ကြိုတင်သတိပေးချက်လုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန်သတင်းလက်ခံခြင်း | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ | ▪ သတင်းများပြန်ကြားပေးရန်နှင့်ကြော်ငြာပေးရန်<br>▪ (ရပ်ကွက်၊ ကျေးရွာများနှင့်သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများသို့)သတင်းဖြန့်ဝေဆောင်ရွက်ရန် | အဝါရောင်အဆင့် (အချိန်နှင့်တပြေးညီသတင်းရလျှင်) | ▪ ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ဖုန်းနံပါတ်<br>▪ Viber Group<br>▪ ဆတ်သားစနစ် | ▪ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများ<br>▪ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီဝင်များ<br>▪ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>▪ မီးသတ်တပ်ဖွဲ့<br>▪ ရဲတပ်ဖွဲ့<br>▪ ကြက်ခြေနီ |
| ၂ | မုန်တိုင်းသတင်းကိုပြည်သူများသိရှိအောင်ဆော်ဩပေးခြင်း | ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ▪ သတင်းများပြန်ကြားပေးရန်နှင့်ဆော်ဩပေးရန်။<br>▪ (ရပ်ကွက်၊ ကျေးရွာများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများသို့) သတင်းဖြန့်ဝေဆောင်ရွက်ရန် | လိမ္မော်ရောင် (၃)ကြိမ်တစ်နေ့ | ▪ တယ်လီဖုန်း<br>▪ **ICOM** (၅၃)<br>▪ အသံချဲ့စက် (၁)ခု<br>▪ လက်ကိုင်စကားပြော (၅၈)လုံး | ▪ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများ<br>▪ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီဝင်များ<br>▪ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>▪ မီးသတ်တပ်ဖွဲ့<br>▪ ရဲတပ်ဖွဲ့<br>▪ ကြက်ခြေနီ |
| ၃ | အရေးပေါ် သတင်းထုတ်ပြန်ဆောင်ရွက်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ▪ အရေးပေါ် အစည်းအဝေး | အနီရောင်အဆင့် (၅)ကြိမ်တစ်နေ့ | ▪ တယ်လီဖုန်း<br>▪ ICOM (၅၃)<br>▪ အသံချဲ့စက် (၁)ခု | ▪ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီဝင်များ<br>▪ ကျေးရွာအုပ်ချုပ်ရေးမှူးများ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ပြုလုပ်ဆောင်ရွက်ခြင်း။<br>▪ အန္တရာယ်ကျရောက်မည့်နေရာများအား ဦးစားပေးရွှေ့ပြောင်းဆောင်ရွက်ရန်နိုင်ရန် ညွှန်ကြားဆောင်ရွက်ခြင်း။<br>▪ အခြား(ဆပ်)ကော်မတီဝင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | | ▪ လက်ကိုင်စကားပြောစက် (၅၈)လုံး | ▪ ရပ်ကျေးစာရေးများ<br>▪ လူမှုရေးအသင်းအဖွဲ့များ<br>▪ ရဲတပ်ဖွဲ့<br>▪ မီးသတ်တပ်ဖွဲ့ |
| ၄ | ခိုလှုံမည့်နေရာများသို့ ပြောင်းရွှေ့ရန်ဆော်သြပေးခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ▪ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများ ၊ကိုယ်ဝန်ဆောင်မိခင်များကိုဦးစားပေးဆောင်ရွက်ရန် | အနီရောင်အဆင့် တစ်နေ့ (၅)ကြိမ် | ▪ တယ်လီဖုန်း<br>▪ ICOM (၅၃)<br>▪ အသံချဲ့စက် (၁)ခု<br>▪ လက်ကိုင်စကားပြော (၅၈)လုံး | ▪ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီဝင်များ<br>▪ ကျေးရွာအုပ်ချုပ်ရေးမှူးများ<br>▪ ရပ်ကျေးစာရေးများ<br>▪ လူမှုရေးအသင်းအဖွဲ့များ<br>▪ ရဲတပ်ဖွဲ့<br>▪ မီးသတ်တပ်ဖွဲ့ |

| | | | | | | |
|---|---|---|---|---|---|---|
| | မုန်တိုင်းသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီပေးပို့ခြင်း | ▪ ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန<br>▪ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ▪ သတင်းအချက်အလက်များရရှိအောင်ဆောင်ရွက်ခြင်း | အညိုရောင်အဆင့် | ▪ ကျေးရွာအုပ်စုဆက်သွယ်နိုင် မည့်ဖုန်းနံပါတ်များ<br>▪ ICOM | ▪ ကျေးရွာအုပ်ချုပ်ရေးမှူးများ<br>▪ ရပ်ကျေးစာရေးများ<br>▪ လူမှုရေးအသင်းအဖွဲ့များ |
| ၅ | ပြည်နယ်မှမုန်တိုင်းသတင်းလက်ခံခြင်းနှင့် မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ကြောင်းသတင်းထုတ်ပြန်ခြင်း | ▪ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>▪ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ▪ ကျေးရွာနှင့်မြို့ပေါ် ရပ်ကွက်များတွင်အသံချဲ့စက်များဖြင့်အသိပေးဆော်သြရန်<br>▪ သတင်းများစုစည်းခြင်း၊ သတင်းများထုတ်ပြန်ခြင်း<br>▪ သတင်းလက်ခံခြင်းနှင့်ပြန်ကြားခြင်း (နောက်ဆက်တွဲကျေးရွာအလိုက်ပျက်စီးဆုံးရှုံးမှုသတင်းများ) | အစိမ်းရောင် | ▪ ပျက်စီးဆုံးရှုံးမှုသတင်းအချက်အလက်များ | ▪ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီဝင်များ၊ကျေးရွာအုပ်ချုပ်ရေးမှူးများ<br>▪ ရပ်ကျေးစာရေးများ<br>▪ လူမှုရေးအသင်းအဖွဲ့များ |

## ၄. ၄. ၃ ပေါက်တောမြို့နယ် လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးကဏ္ဍ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
|---|---|---|---|---|---|---|
| ၁ | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာ ကော်မတီဝင်များ အစည်းဝေးများပြုလုပ်ဆောင်ရွက်ခြင်း | မြို့နယ်ရဲတပ်ဖွဲ့ | ▪ လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များအားစုစည်းဆောင်ရွက်ခြင်း။<br>▪ ကယ်ဆယ်ရေးပစ္စည်းများစုဆောင်းခြင်း။<br>▪ ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်နိုင်ရန်စုရပ်နေရာများသတ်မှတ်ခြင်း | မိုးဇလမှမုန်တိုင်းသတိပေးချက်ထုတ်ပြန်ချိန် | ▪ ဖုန်းနံပါတ်<br>▪ လူအင်အား | ▪ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>▪ မြို့နယ်ရဲတပ်ဖွဲ့<br>▪ မြို့နယ်ကြက်ခြေနီအသင်း<br>▪ မြို့နယ်မီးသတ်တပ်ဖွဲ့ |
| ၂ | မုန်တိုင်းသတင်းအချက်အလက်များရယူဆောင်ရွက်ခြင်း၊ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ▪ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားဦးစီးဌာနနှင့်မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှထုတ်ပြန်သောသတင်းများ၊ရေဒီယိုသတင်းများအားစဉ်ဆက်မပြတ်နားထောင်ခြင်း | ရခိုင်ကမ်းရိုးတန်းသို့မုန်တိုင်းဦးတည်ရွေ့လျားမည်ဟုသတင်းရရှိချိန် (လိမ္မော်ရောင်အဆင့်) | ▪ ကား<br>▪ စက်လှေ<br>▪ ဘုတ်<br>▪ အသက်ကယ်အင်္ကျီ<br>▪ ကြိုး | ▪ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>▪ မြို့နယ်ရဲတပ်ဖွဲ့<br>▪ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>▪ မီးသတ်တပ်ဖွဲ့<br>▪ မြို့နယ်ကြက်ခြေနီအသင်း<br>▪ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ရပ်ကျေးစာရေးများ<br>▪ လူမှုရေးအသင်းအဖွဲ့များ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | ▪ လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးကော်မတီဝင်များ |
| ၃ | ၁၂ နာရီအတွင်း လိုအပ်သည်များကို အချိန်မီဘေး လွတ်ရာသို့ရွှေ့ပြောင်းဆောင်ရွက်ခြင်း | ▪ မြို့နယ်မီးသတ်ဦးစီးဌာန၊<br>▪ မြို့နယ်ရဲတပ်ဖွဲ့ | ▪ သက်ကြီးရွယ်အိုများ<br>▪ ကလေးသူငယ်များမသန်စွမ်းသူများ<br>▪ ကိုယ်ဝန်ဆောင်မိခင်များအားသက်မှတ်ထားသောနေရာများသို့ ရွှေ့ပြောင်းပေးခြင်း | သတင်းရရှိပြီး ၂၄ နာရီ အတွင်း (လိမ္မော်ရောင်အဆင့်) | ▪ speed boat<br>▪ အသက်ကယ်အင်္ကျီ<br>▪ ကြိုး | ▪ ရှာဖွေကယ်ဆယ်ရေးကော်မတီ<br>▪ မြို့နယ်ကြက်ခြေနီအသင်း<br>▪ ကျေးရွာအုပ်ချုပ်ရေးမှူး<br>▪ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>▪ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>▪ ရှာဖွေကယ်ဆယ်ရေးကော်မတီ/ မီးသတ်ဦးစီးဌာန<br>▪ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| ၄ | မုန်တိုင်းသတင်းများရယူဆောင်ရွက်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သတင်းစောင့်ဆိုင်းဆောင်ရွက်ရန် | မုန်တိုင်းဖြတ်ကျော်နေစဉ်(အညိုရောင်အဆင့်) | မုန်တိုင်းသတင်းများစောင့်ကြည့်နားထောင်ခြင်း | |
| ၅ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်း | ▪ မီးသတ်ဦးစီးဌာန<br>▪ ရဲတပ်ဖွဲ့ | ▪ ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှအဆိုးဝါးဆုံးဖြစ်ပျက်နေသောနေရာများအားလူစုခွဲပြီးချက်ချင်းဆောင်ရွက်ခြင်း | မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ပြီးကြောင်းမိုးဇလမှသတင်းထုတ်ပြန်ကြေညာချိန် (အစိမ်းရောင်အဆင့်) | ▪ Chain Saw<br>▪ speed boat<br>▪ သစ်သားဘုတ်<br>▪ ကယ်ဆယ်ရေးသုံးပစ္စည်းအိပ်<br>▪ ကား<br>▪ ကာရာဗင်နာ<br>▪ စက်သုံးဆီအမျိုးမျိုး | ▪ မြို့နယ်ကြက်ခြေနီအသင်း<br>▪ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ရပ်ကျေးစာရေးများ<br>▪ လူမှုရေးအသင်းအဖွဲ့များ<br>▪ လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးကော်မတီဝင်များ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ▪ သေဆုံးသူများအားမြေမြှုပ်ခြင်း<br>▪ ပျောက်ဆုံးနေသောသူများအားရှာဖွေဆောင်ရွက်ခြင်း<br>▪ စာရင်းကောက်ယူအဖွဲ့အစည်းနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>▪ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီဝင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>▪ ရေတွင်း၊ရေကန်များအားသန့်ရှင်းအောင်ပြုလုပ်ဆောင်ရွက်ခြင်း<br>▪ လမ်း၊တံတားများရှင်းလမ်းဆောင်ရွက်ခြင်း | | ▪ လူနာတင်ယာဉ် | |

## ၄. ၄. ၄ ခိုလှုံရာနေရာစီမံခန့်ခွဲရေး ကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
|---|---|---|---|---|---|---|
| ၁ | ခိုလှုံရာနေရာများသတ်မှတ်ဖော်ထုတ်ထားရှိခြင်း | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ▪ ကွင်းဆင်းစစ်ဆေးထားရှိခြင်း<br>▪ (ကျေးရွာအဆင့်စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ကုန်းမြင့်များဖော်ထုတ်ထားရှိခြင်း | ဘေးမကျရောက်မီ (၁၂) နာရီအတွင်း | ▪ Shelter<br>▪ အိမ်သာ၊<br>▪ အမှိုက်ကန်၊ အမှိုက်ပုံး<br>▪ တာပေါ်လင်<br>▪ လက်ကိုင်စပီကာ<br>▪ အစာခြောက်<br>▪ သောက်ရေ<br>▪ ဆိုလာမီး | ▪ အရံမီးသတ်တပ်ဖွဲ့<br>▪ ကျေးရွာအုပ်ချုပ်ရေးမှူး<br>▪ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာန<br>▪ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကော်မတီ<br>▪ သာသနာရေးဦးစီးဌာန<br>▪ ပညာရေးဦးစီးဌာန |
| ၂ | အရေးပေါ်စောင့်ရှောက်ရေးနေရာများအားစီမံထားရှိခြင်း | ကျန်းမာရေးဦးစီးဌာန | ခိုလှုံရာနေရာများတွင်ယာယီဆေးခန်းများဖွင့်လှစ်ထားရှိခြင်း | ဘေးကျရောက်ပြီး (၂၄) နာရီအတွင်း | ▪ Shelter<br>▪ အမှိုက်ကန်၊အမှိုက်ပုံး<br>▪ တာပေါ်လင်<br>▪ လက်ကိုင်စပီကာ | ▪ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>▪ အရံသားဖွားဆရာမများ<br>▪ ကျေးရွာအုပ်ချုပ်ရေးမှူး<br>▪ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာန |
| ၃ | လူဦးရေစာရင်းများကောက်ယူဆောင်ရွက်ခြင်း (သက်ကြီးရွယ်အို၊ မသန်စွမ်း၊ ကလေးသူငယ်) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ခိုလှုံရာနေရာများရှိလူဦးရေစာရင်းများနှင့် နေရပ်လိပ်စာများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်များ၊ သက်ကြီးရွယ်များစာ | ဘေးကျရောက်ပြီး (၃၆) နာရီအတွင်း | ▪ Shelter<br>▪ တာပေါ်လင်<br>▪ လက်ကိုင်စပီကာ | ▪ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန<br>▪ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဦးစီးဌာန<br>▪ အရံမီးသတ်တပ်ဖွဲ့<br>▪ ကျေးရွာအုပ်ချုပ်ရေးမှူး၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ရင်းကို စနစ်တကျ ပြုစုထားခြင်း။ | | | |
| ၄ | အမှိုက်စွန့်ပစ်ရန်နေရာများ အားဆောင်ရွက်ထားရှိခြင်း | မြို့နယ်စည်ပင်နှင့်မီးသတ်တပ်ဖွဲ့ | အမှိုက်စွန့်ပစ်ရန်နေရာများဖော်ထုတ်ထားရှိပြီးပြန်လည်သန့်ရှင်းရန် ဆောင်ရွက်ထားရှိခြင်း။ | ဘေးကျရောက်ပြီး (၃၆)နာရီအတွင်း | ▪ အမှိုက်ကန်<br>▪ အမှိုက်ပုံး<br>▪ ပလတ်စတစ်အိတ်များ၊ | ▪ အရံမီးသတ်တပ်ဖွဲ့<br>▪ ကျေးရွာအုပ်ချုပ်ရေးမှူး<br>▪ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဦးစီးဌာန<br>▪ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကော်မတီ<br>▪ သာသနာရေးဦးစီးဌာန<br>▪ ပညာရေးဦးစီးဌာန |
| ၅ | ယာယီခိုလှုံမည့်နေရာများ ဖွင့်လှစ်ဆောင်ရွက်ခြင်း | မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန | ▪ ယာယီရေသုံးကန်များသတ်မှတ်ပေးခြင်းနှင့်အမှိုက်စွန့်ပစ်ရန်နေရာများသတ်မှတ်ထားရှိခြင်း။<br>▪ ခိုလှုံမည့်နေရာသတ်မှတ်ထားရှိခြင်း | ဘေးကျရောက်ပြီး (၃၆)နာရီအတွင်း | ▪ မီးချောင်း<br>▪ အစားခြောက်<br>▪ လက်ကိုင်စပီကာ<br>▪ သောက်ရေ<br>▪ Solar<br>▪ ဆေးဝါးနှင့်ရုပ်ပြစာအုပ်များ<br>▪ အခြားလိုအပ်ချက်များ | ▪ အရံမီးသတ်၊<br>▪ ကျေးရွာအုပ်ချုပ်ရေးမှူး<br>▪ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဦးစီးဌာန<br>▪ ရဲတပ်ဖွဲ့<br>▪ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>▪ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကော်မတီ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆ | ခိုလှုံရာနေရာများတွင်ရှိသောသူများအားကာကွယ်စောင့်ရှောက်မှုစိတ်ပိုင်းဆိုင်ရာများအားမြှင့်တင်ပေးခြင်း | ကျန်းမာရေးဦးစီးဌာန | ▪ ယာယီကယ်ဆယ်ရေးစခန်းများတွင်ဆွေးနွေးပွဲများပြုလုပ်ဆောင်ရွက်ပေးခြင်း။<br>▪ လူဦးရေစာရင်းများကောက်ယူခြင်း(ကျား၊ မ၊ သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်မိခင်၊ မသန်စွမ်းသူများအား ခွဲခြားစာရင်းကောက်ယူခြင်း) | ဘေးကျရောက်ပြီး (၃၆)နာရီအတွင်း | ▪ ဆေးဝါးနှင့်ရုပ်ပြစာအုပ် များ၊<br>▪ အခြားလိုအပ်ချက်များ | ▪ အရံမီးသတ်တပ်ဖွဲ့<br>▪ ကျေးရွာအုပ်ချုပ်ရေးမှူး<br>▪ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>▪ ရဲတပ်ဖွဲ့<br>▪ ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖ၊<br>▪ မိခင်နှင့်ကလေး<br>▪ အမျိုးသမီးရေးရာ<br>▪ ကျန်းမာရေးဆပ်ကော်မတီ |
| ၇ | ယာယီခိုလှုံရေးစခန်းများတွင်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခြင်း | မြို့နယ်ရဲတပ်ဖွဲ့ | စခန်းနေလူထုများမှ (၁၀) ဦးအားရွေးချယ်ပြီးစခန်းလုံခြုံရေးလုပ်ငန်းများကိုပူးတွဲဆောင်ရွက်နိုင်ရန်ဖွဲ့စည်းပေးမည် | ဘေးအန္တရာယ်ကျရောက်ပြီးနောက် (၂၄) နာရီ အတွင်း | | ▪ စခန်းနေပြည်သူလူထုများ<br>▪ မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈ | စားနပ်ရိက္ခာများဖြန့်ဝေပေးခြင်း။ | ခိုလှုံရာနေရာစီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ | လိုအပ်သည့်နေရာများတွင်ဦးစားပေးအစီအစဉ်ဆောင်ရွက်ပေးခြင်း | ဘေးအန္တရာယ်ကျရောက်ပြီးနောက် (၂၄) နာရီအတွင်း | ▪ အစားအစာ<br>▪ ရေ<br>▪ အခြားလိုအပ်ချက်များ | ▪ ခိုလှုံရာနေရာစီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ<br>▪ ရဲတပ်ဖွဲ့<br>▪ မီးသတ်တပ်ဖွဲ့<br>▪ ကျန်းမာရေးဌာန |

| | | | | | | |
|---|---|---|---|---|---|---|
| ၉ | ခိုလှုံရာနေရာချထားသော နေရာများတွင်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း။ | ကျန်းမာရေးဦးစီးဌာန | အရေးပေါ် လူနာများ အားစနစ်တကျဆောင် ရွက်ပေးခြင်း | ဘေးအန္တရာယ်ကျ ရောက်ပြီးနောက် (၂၄) နာရီအတွင်း | ▪ ဆေးဝါး<br>▪ လူအင်အား | ▪ ခိုလှုံရာနေရာစီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ<br>▪ ရဲတပ်ဖွဲ့<br>▪ မီးသတ်တပ်ဖွဲ့<br>▪ ကျန်းမာရေးဌာန |
| ၁၀ | အိမ်မွေးတိရိစ္ဆာန်များကို ဘေးလွတ်ရာနေရာသို့ရွှေ့ ပြောင်းခြင်း။ | ကျေးရွာမှ ပိုင်ဆိုင်မှုရှိသူများ | ကျေးရွာလူထုနှင့်အ စည်းအဝေးပြုလုပ်ပြီး လုံခြုံရာနေရာများသို့ ရွှေ့ပြောင်းထားရှိခြင်း။ | ဘေးမကျရောက်မီ (၂၄) နာရီအတွင်း | ▪ လုံခြုံရာနေရာများ<br>▪ အစားအစာများ | ▪ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>▪ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>▪ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာ လူထု |
| ၁၁ | သီးနှံမျိုးစေ့များအား လုံခြုံသောနေရာများတွင်သို လှောင်ထားရှိခြင်း။ | စိုက်ပျိုးရေးဦးစီးဌာနနှင့်ပိုင်ဆိုင်မှုရှိ လယ်သမားများ | သီးနှံမျိုးစေ့များအား မြေမြှုပ်ထားခြင်း၊လုံခြုံသောနေရာများတွင် ထားရှိခြင်း၊ တောင်ကုန်းမြင့်များတွင် ထားရှိခြင်း။ | ဘေးမကျရောက်မီ (၂၄) နာရီအတွင်း | ▪ ပလတ်စတစ်အိတ်များ<br>▪ ရေစိုခံအိတ်များ။ | ▪ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>▪ စိုက်ပျိုးရေးဦးစီးဌာန<br>▪ ကျေးရွာလူထု<br>▪ မီးသတ်တပ်ဖွဲ့ |

## ၄.၄.၅ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
|---|---|---|---|---|---|---|
| ၁ | ကျန်းမာရေးဝန်ထမ်းများအစည်းအဝေးပြုလုပ်ဆောင်ရွက်ခြင်း။ | ကျန်းမာရေးဦးစီးဌာန | ယာယီဆေးခန်းဖွင့်လှစ်သည့်လူဦးရေအလိုက်ဝန်ထမ်းအင်အားခွဲဝေသတ်မှတ်ခြင်း | ဘေးမကျရောက်မီ (၃၆) နာရီအတွင်း | ၁ ဖွဲ့လျှင် ၆ ဦး၊ စုစုပေါင်း ၁၂ ဖွဲ့ဖွဲ့ရန်။ ဝန်ထမ်း (၇၂)ဦး | ▪ မြို့နယ်ဆရာဝန် (၃)ဦး<br>▪ TN (၅) ဦး<br>▪ HA (၆) ဦး<br>▪ LHV (၄)ဦး<br>▪ PHS-2 (၄၈)ဦး<br>▪ သားဖွား (၃၈)<br>▪ မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များ |
| ၂ | ဆေးဝါးများစုဆောင်ထားရှိခြင်း | ကျန်းမာရေးဦးစီးဌာန | သက်ဆိုင်ရာအထက်အရာရှိနှင့်ဌာနများထံသို့ လိုအပ်သောဆေးဝါးပစ္စည်းများကြိုတင်တောင်းခံထားရှိခြင်း | ဘေးမကျ ရောက်မီ | ▪ လူ(၂၅၀၀၀)ခန့် လိုအပ်သောဆေးဝါးများစုဆောင်းထားရှိခြင်း<br>▪ ရေသန့်ဆေးပြား<br>▪ ဆေးစိမ်ခြင်ထောင်များ | ▪ မြို့နယ်ဆရာဝန် (၃)ဦး<br>▪ TN (၅) ဦး<br>▪ HA (၆) ဦး<br>▪ LHV (၄)ဦး<br>▪ PHS (၄၈)ဦး<br>▪ သားဖွား (၃၈)<br>▪ မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များ<br>▪ မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များ<br>▪ ရပ်ကျေးအုပ်ချုပ်ရေးမှူး<br>▪ ဆယ်အိမ်မှူး<br>▪ ရာအိမ်မှူး၊ |
| ၃ | သင်တန်းများပို့ချပေးခြင်း | ကျန်းမာရေးဦးစီးဌာန | လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်နှင့် လျှင်မြန်စွာဆောင် | ဘေးမကျ ရောက်မီ ပုံမှန်၂လ(၁)ကြိမ်ပို့ချရန် | ▪ သင်ထောက်ကူပစ္စည်းများ<br>▪ ငွေအင်အား | ▪ ကျေးရွာအုပ်စု (၅၈) အုပ်စု<br>▪ ကျေးရွာပေါင်း (၁၇၈) |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ရှက်နိုင်ရန်သင်တန်းများပို့ချပေးထားခြင်း | | | ▪ စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ |
| ၄ | ယာယီဆေးပေးခန်းများဖွင့်လှစ်ဆောင်ရွက်ခြင်း | ကျန်းမာရေးဦးစီးဌာန | ဒဏ်ရာရသောလူနာများအားလွှဲပြောင်းပေးရန်နှင့်အရေးပေါ်လူနာများအားဦးစားပေးကုသပေးခြင်း | ဘေးကျရောက်ပြီး (၂၄) နာရီအတွင်း | ▪ ယာယီဆေးခန်းများ<br>▪ လိုအပ်သောဆေးဝါးများ<br>▪ ရေသန့်ဆေးပြား<br>▪ ဆေးစိမ်ခြင်ထောင်များ<br>▪ မိုးကာစ<br>▪ အမှိုက်ပုံးများ<br>▪ ရေသန့်<br>▪ လက်အိတ် | ▪ မြို့နယ်ကျန်းမာရေးတာဝန်ခံနှင့်ကျန်းမာရေးကော်မတီဝင်များ<br>▪ စေတနာ့ဝန်ထမ်း<br>▪ ကြက်ခြေနီအသင်း<br>▪ မီးသတ်တပ်ဖွဲ့<br>▪ UN/INGOs |
| ၅ | ကုသခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါတားဆီးခြင်းနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ခြင်း | ကျန်းမာရေးဦးစီးဌာန | ▪ ကျန်းမာရေးပညာပေးခြင်း<br>▪ ပတ်ဝန်းကျင်သန့်ရှင်းရေးများပြုလုပ်ဆောင်ရွက်ခြင်း<br>▪ လိုအပ်လျှင်ရေတွင်း၊ရေကန်များဆေးခပ်ခြင်း<br>▪ ယာယီအိမ်သာများတည်ဆောက်ခြင်း | ဘေးကျရောက်ပြီး (၂၄) နာရီအတွင်း | ▪ ရေသန့်ဆေးပြား<br>▪ ဆေးစိမ်ခြင်ထောင်များ<br>▪ မိုးကာစ<br>▪ အမှိုက်ပုံးများ<br>▪ ရေသန့်<br>▪ လက်အိတ်<br>▪ တိရစ္ဆာန်ဆေးဝါးများ<br>▪ အစားအစာများ | ▪ မြို့နယ်ကျန်းမာရေးတာဝန်ခံနှင့်ကျန်းမာရေးကော်မတီဝင်များ<br>▪ စေတနဝန်ထမ်း<br>▪ ကြက်ခြေနီအသင်း<br>▪ မီးသတ်တပ်ဖွဲ<br>▪ အခြားလူမှုအဖွဲ့ အစည်း<br>▪ UN/INGOS |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ▪ ကူးစက်ရောဂါဖြစ်ပွားသောလူနာများအားသီးခြားနေရာချထားပေးခြင်း | | | |
| ၆ | ကုသခြင်းလုပ်ငန်းဆောင်ရွက်ခြင်း။ | ကျန်းမာရေးဦးစီးဌာန | ▪ ဖြစ်ပွားသောရောဂါအလိုက်ဆေးဝါးကုသပေးခြင်း။<br>▪ လိုအပ်ပါကအထက်သို့လွှဲပြောင်းပေးခြင်း | ဘေးကျရောက်ပြီး ၁၂နာရီအတွင်းကုသရေးလုပ်ငန်းများစတင်လုပ်ဆောင်ခြင်း | ▪ လူနာတင်ယာဉ်<br>▪ လူနာထမ်းစင်<br>▪ လှေ<br>▪ Mask | ▪ မြို့နယ်ကျန်းမာရေးတာဝန်ခံနှင့်ကျန်းမာရေးကော်မတီဝင်များ<br>▪ စေတနာ့ဝန်ထမ်း<br>▪ ကြက်ခြေနီအသင်း<br>▪ မီးသတ်တပ်ဖွဲ့<br>▪ အခြားလူမှုအဖွဲ့အစည်း<br>▪ UN/INGOS |

## ၄. ၄. ၆ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
|---|---|---|---|---|---|---|
| ၁ | သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန်အစည်းအဝေးများ ပြုလုပ်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | လိုအပ်ချက်များအားအစည်းအဝေးများပြုလုပ်ဆောင်ရွက်ပြီးတာဝန်ခွဲဝေသတ်မှတ်ပေးခြင်း။ | ဘေးအန္တရာယ်မကျရောက်မီကြိုတင်ပြင်ဆင်စီမံထားရှိခြင်းတိကျ၊ခိုင်မာသောသတင်းရပြီး (၁၂) နာရီအတွင်း | ▪ မြို့နယ်အဆင့်ဌာနဆိုင်ရာဖုန်းနံပါတ်များ၊သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးဖုန်းနံပါတ်များ<br>▪ ရေယာဉ်၊ ဘုတ်၊<br>▪ ဆေးဝါး၊<br>▪ ဂိုဒေါင်၊ | ▪ ထောက်ပံ့ပို့ဆောင်ရေးကော်မတီဝင်များ<br>▪ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ<br>▪ စေတနာ့ဝန်ထမ်းများ<br>▪ လူမှုရေးအဖွဲ့အစည်းများ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | ▪ သောက်သုံးရေ၊ စားနပ်ရိက္ခာ<br>▪ စေတနာ့ဝန်ထမ်းများ | |
| ၂ | ဂိုဒေါင်များဖော်ထုတ်ထားရှိရန်နှင့်အစားအစာများ စုဆောင်ထားရှိခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ▪ ဂိုဒေါင်များကြို တင်ရှာဖွေသတ်မှတ်ရှိထားခြင်း<br>▪ စနစ်တကျပြုပြင်တည်ဆောက်ထားရှိခြင်း။ | ဘေးအန္တရာယ်မကျရောက်မီ(၁၂) နာရီအတွင်း။ | ▪ ဂိုဒေါင်<br>▪ ထောက်ပံ့ရေးပစ္စည်းများ<br>▪ စားနပ်ရိက္ခာများ<br>▪ သယ်ယူပို့ဆောင်ရေးယာဉ်များ | ▪ ထောက်ပံ့ပို့ဆောင်ရေးကော်မတီ၊<br>▪ ရပ်ရွာလူထု<br>▪ လူငယ်စေတနာ့ဝန်ထမ်းများ<br>▪ လူမှုရေးအသင်းများ<br>▪ UN/ INGOs<br>▪ စိုက်ပျိုးရေးဦးစီးဌာန<br>▪ အားကစားနှင့်ကာယပညာဦးစီးဌာန |
| ၃ | အစားအစာနှင့်ထောက်ပံ့ပစ္စည်းများအားဖြန့်ဝေပေးခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ▪ ထိခိုက်ဆုံးရှုံးမှုများသောဒေသများသို့ဦးစားပေးအဆင့်သွားရောက်ကာအစားအစာများ၊ရေများအားလျှင်မြန်စွာရောက်ရှိအောင်ဆောင်ရွက်ပေးခြင်း<br>▪ ဆားငန်ရည်ဝင်ရောက်သွားသောရေတွင်း၊ ရေကန်များအား ရေစုပ် | ဘေးအန္တရာယ်ကျရောက်ပြီး (၃၆) နာရီအတွင်း | ▪ ဆန် (၇၅၀) အိတ်<br>▪ အသင့်စားခြောက်ဆွဲထုပ် (၁၅၀၀၀၀)<br>▪ ရေသန့် (၂၅၀၀၀)<br>▪ ဆေးဝါး၊ ဓါတ်မီး၊<br>▪ တာပေါ်လင် (၅၀၀၀၀)<br>▪ ခြင်ထောင်<br>▪ အိမ်သာ<br>▪ စောင်၊<br>▪ အိပ်ယာခင်း<br>▪ ရေယာဉ်<br>▪ ကား၊ | ▪ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>▪ အစိုးရအဖွဲ့အစည်းများ<br>▪ အလှူရှင်အဖွဲ့အစည်းများ<br>▪ UN/INGOs<br>▪ စည်ပင်သာယာရေးကော်မတီ<br>▪ ကြက်ခြေနီအသင်း<br>▪ မီးသတ်ဦးစီးဌာန<br>▪ ရဲတပ်ဖွဲ့ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | စက်များဖြင့် စုပ်ယူပြီးသန့်ရှင်း အောင်ဆောင် ရွက်ပေးခြင်း<br>▪ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ အား အထက် အဆင့်ဆင့်သို့ သတင်းပို့အစီရင် ခံခြင်း။ | | | |
| ၄ | ထောက်ပံ့ပို့ဆောင်ရေးလုပ် ငန်းများလုပ်ကိုင်နိုင်ရန်မော် တော်ယာဉ်ရေယာဉ်များ ပြုစုထားရှိခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | မြို့ပေါ်နှင့်မြို့နယ်အ လိုက်မော်တော်ယာဉ် စာရင်းများ၊ စက်လှေ များ၊ ဘုတ်များစာရင်း ကိုသိရှိအောင်ဆောင် ရွက်ထားခြင်း။ | ဘေးအန္တရာယ်မကျ ရောက်မီကြိုတင်ပြင် ဆင်စီမံထားရှိ ခြင်း | ▪ မော်တော်ယာဉ်<br>▪ စက်လှေ<br>▪ ဖုန်းနံပါတ်များ | ▪ စည်ပင်သာယာ ရေးကော်မတီ<br>▪ မီးသတ်ဦးစီးဌာန<br>▪ ရဲတပ်ဖွဲ့ |
| ၅ | ဘေးကျရောက်ပြီးနောက် ထောက်ပံ့ပို့ဆောင်ရေးလုပ် ငန်းများအဆင်ပြေချောမွေ့ နိုင်ရန်ရေလမ်းကုန်းလမ် ကြောင်းများဖော်ထုတ်ထား ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ချိတ်ဆက်၍မြေပြင်အ ခြေအနေများအားမေး မြန်းပြီးသွားလာမည့် လမ်းကောင်းများဖော် ထုတ်ထားခြင်း။ | ဘေးအန္တရာယ်ကျ ရောက်ပြီး(၁၂)နာရီ အတွင်း | ▪ သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူးများ<br>▪ ဖုန်းနံပါတ်များ<br>▪ မော်တော်ယာဉ်<br>▪ စက်လှေ | ▪ ရဲတပ်ဖွဲ့<br>▪ မီးသတ်တပ်ဖွဲ့<br>▪ ကြက်ခြေနီအသင်း<br>▪ ငါးလုပ်ငန်း<br>▪ စည်ပင်သာယာရေးကော်မတီ |

## ၄. ၄. ၇ ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူမှုကဏ္ဍ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်

| စဉ် | လုပ်ငန်းစဉ် | နည်းလမ်း | ပြုလုပ်မည့်အချိန် | ဦးဆောင်မည့်သူ | လိုအပ်သောအရင်းအမြစ် | ပူးပေါင်းမည့်သူ |
|---|---|---|---|---|---|---|
| ၁ | မြို့နယ်ကော်မတီဝင်များနှင့် ပျက်စီးဆုံးရှုံးမှုကော်မတီဝင်များပူးပေါင်းပြီးပျက်စီးဆုံးရှုံးမှုစာရင်းများကောက်ယူရန်အစည်းအဝေးပြုလုပ်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ▪ ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူမည့်ပုံစံများပြုစုခြင်း<br>▪ သင်တန်းများပို့ချခြင်း<br>▪ သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးစာရေးများသို့မျှဝေထားရှိခြင်း | ဘေးအန္တရာယ်ကျရောက်ပြီး (၂၄) နာရီ အတွင်း | ▪ လူအင်အား (တစ်ရွာ ၅ ဦးခန့်)<br>▪ နည်းပညာ<br>▪ ငွေ<br>▪ ပစ္စည်းအထောက်အပံ့များ (စာရွက်စာတမ်း) | ▪ ဆည်မြောင်းဦးစီးဌာန<br>▪ သစ်တောဦးစီးဌာန<br>▪ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>▪ စိုက်ပျိုးရေးဦးစီးဌာန<br>▪ စာရင်းစစ်ဦးစီးဌာန<br>▪ ပညာရေး ဦးစီးဌာန<br>▪ ကျန်းမာရေး ဦးစီးဌာန<br>▪ ငါးလုပ်ငန်းဦးစီးဌာန<br>▪ ကျေးလက်ဦးစီးဌာန<br>▪ စည်ပင်သာယာရေးကော်မတီ<br>▪ စိုက်ပျိုးရေးဦးစီးဌာန။ |
| ၂ | Ko Bo Application အသုံးပြုနည်းများကို သင်တန်းပို့ချခြင်း။ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ▪ KoBo Application အသုံးပြုခြင်းနည်းလမ်းများကိုရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်ကျေးစာရေးများအားသင်တန်းပို့ချခြင်း။ | ဧပြီလနှင့်မေလ | ▪ နည်းပညာ<br>▪ ပစ္စည်းအထောက်အပံ့<br>▪ ငွေ<br>▪ မိုဘိုင်းဖုန်းများ | ▪ ဆည်မြောင်းဦးစီးဌာန<br>▪ သစ်တောဦးစီးဌာန<br>▪ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>▪ စိုက်ပျိုးရေးဦးစီးဌာန<br>▪ စာရင်းစစ်ဦးစီးဌာန<br>▪ ပညာရေးဦးစီးဌာန<br>▪ ကျန်းမာရေးဦးစီးဌာန<br>▪ ငါးလုပ်ငန်းဦးစီးဌာန<br>▪ ကျေးလက်ဦးစီးဌာန |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | ▪ စည်ပင်သာယာရေးကော်မတီ<br>▪ စိုက်ပျိုးရေး ဦးစီးဌာန။ |
| ၃ | မြေပြင်အနေအထားအား ကနဦးစာရင်းကောက်ယူခြင်း။ | မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ | မြေပြင်အနေအထားအားကွင်းဆင်းပြီးလူအသေအပျောက်၊ တိရစ္ဆာန်အသေအပျောက်၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ လူနေအိမ်များ၊ အစိုးရအဆောက်အဦးနှင့် သာသနိကအဆောက်အဦးများ၊လယ်ယာမြေနှင့်ဆည်မြောင်းတာတမံများ၊ လမ်း၊ တံတားများ | ဘေးအန္တရာယ်ကျရောက်ပြီး (၁၆) နာရီအတွင်း | ▪ အပျက်အစီးများစာရင်းကောက်ယူရန်အတွက်ပို့ဆောင်ရေယာဉ်များ၊ မော်တော်ယာဉ်<br>▪ Speed Boat<br>▪ လောင်စာဆီ<br>▪ ဆေးဝါး<br>▪ စာရေးကိရိယာများ<br>▪ ICOM<br>▪ ဆက်သွယ်ရမည့်ဖုန်းနံပါတ် | ▪ ဆည်မြောင်းဦးစီးဌာန<br>▪ သစ်တောဦးစီးဌာန<br>▪ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>▪ စီမံကိန်းဦးစီးဌာန<br>▪ စာရင်းစစ်ဦးစီးဌာန<br>▪ ပညာရေးဦးစီးဌာန<br>▪ ကျန်းမာရေးဦးစီးဌာန<br>▪ ငါးလုပ်ငန်းဦးစီးဌာန<br>▪ ကျေးလက်ဦးစီးဌာန<br>▪ စည်ပင်သာယာရေးကော်မတီ<br>▪ စိုက်ပျိုးရေးဦးစီးဌာန။ |
| ၄ | မြေပြင်အနေအထားအားကွင်းဆင်းပြီးအသေးစိတ်စာရင်းကောက်ယူခြင်း။ | မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ | ▪ ပျက်စီးဆုံးရှုံးမှုနေရာများသို့ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း<br>▪ စက်လှေ၊ ပုဇွန်တာတမံများ၊ လမ်း၊ တံထားများလူ၊ တိရစ္ဆာန်များ၊ ဆားကွင်းများ၊ အစိုးရအဆောက် | ဘေးကျရောက်ပြီး (၃) ရက်အတွင်း | ▪ အပျက်အစီးများစာရင်းကောက်ယူရန်အတွက်ပို့ဆောင်ရေယာဉ်များ၊ မော်တော်ယာဉ်<br>▪ Speed Boat<br>▪ လောင်စာဆီ<br>▪ ဆေးဝါး<br>▪ စာရေးကိရိယာများ<br>▪ ICOM | ▪ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>▪ ဆည်မြောင်းဦးစီးဌာန<br>▪ သစ်တောဦးစီးဌာန<br>▪ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>▪ စီမံကိန်းဦးစီးဌာန<br>▪ စာရင်းစစ်ဦးစီးဌာန<br>▪ ပညာရေးဦးစီးဌာန<br>▪ ကျန်းမာရေးဦးစီးဌာန |

| | | | | | | |
|---|---|---|---|---|---|---|
| | | | အဦးများ၊ ပျက်စီးဆုံးရှုံးမှုစာရင်းများကိုကောက်ယူဆောင်ရွက်ခြင်း | | ▪ ဆက်သွယ်ရမည့်ဖုန်းနံပါတ် | ▪ ငါးလုပ်ငန်းဦးစီးဌာန<br>▪ ကျေးလက်ဦးစီးဌာန<br>▪ စည်ပင်သာယာရေးကော်မတီ<br>▪ စိုက်ပျိုးရေးဦးစီးဌာန။ |
| ၅ | ကောက်ယူရရှိသောစာရင်းဇယားအချုပ်ကိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးသို့ တင်ပြပြီးငွေမှတဆင့်သက်ဆိုင်ရာအထက်အဖွဲ့အစည်းသို့တင်ပြခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင်များနှင့်သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများပေါင်းစပ်ညှိနှိုင်းပြီး ထိခိုက်ဆုံးရှုံးမှုစာရင်းများအားအတည်ပြုခြင်း။ | ဘေးအန္တရာယ်ကျရောက်ပြီး (၂၄) နာရီအတွင်း | ▪ ဖုန်း<br>▪ Viber<br>▪ Fax တို့ဖြင့်တင်ပြရန် | ▪ ဆည်မြောင်းဦးစီးဌာန<br>▪ သစ်တောဦးစီးဌာန<br>▪ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>▪ စီမံကိန်းဦးစီးဌာန<br>▪ စာရင်းစစ်ဦးစီးဌာန<br>▪ ပညာရေးဦးစီးဌာန<br>▪ ကျန်းမာရေးဦးစီးဌာန<br>▪ ငါးလုပ်ငန်းဦးစီးဌာန<br>▪ ကျေးလက်ဦးစီးဌာန<br>▪ စည်ပင်သာယာရေးကော်မတီ<br>▪ စိုက်ပျိုးရေးဦးစီးဌာန<br>• ကျေးရွာကော်မတီအဖွဲ့ဝင်များနှင့်ရပ်ကျေးစာရေးများ။ |

## အခန်း (၅) ပေါက်တောမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းစဉ်များလုပ်ဆောင်ရန် တုံ့ပြန်ဆောင်ရွက်ရေး ကဏ္ဍအသီးသီး၏ အရင်းအမြစ်နှင့် လိုအပ်ချက်များ

ပေါက်တောမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဝင်၊ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရေး လုပ်ငန်းအဖွဲ့ဝင် ဌာနအကြီးအကဲများ၏ ဒေသတွင်း တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အတွေ့အကြုံ၊ ဒေသန္တရဆိုင်ရာ ကျွမ်းကျင်အဆင့် အသိပညာများအပေါ် အခြေခံကာ (ဆိုင်ကလုန်းမုန်တိုင်းဘေး) များကျရောက်ပါက ထိခိုက်ခံရလွယ်မှု အမြင့်ဆုံးသော ကျေးရွာနှင့်လူဦးရေကိုဖော်ထုတ်ရာ မြို့နယ်အတွင်းအရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရန် အနိမ့်ဆုံး လူဦးရေစုစုပေါင်း (၂၅၀၀၀)ဖြင့် သဘောတူညီထားသည်။

အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍ၊ ကြိုတင်သတိပေးရေးကဏ္ဍ၊ လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးကဏ္ဍ၊ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၊ ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍ စသော ကဏ္ဍကြီး(၇)ရပ်ကို ဖော်ထုတ်ထားသော ထိခိုက်ခံရလွယ်လူဦးရေ (၂၅၀၀၀) ဦးအတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတုံ့ပြန်ဆောင်ရွက်ရေး ကဏ္ဍအသီးသီး၏ လူသားအရင်းအမြစ် (Human Resource)၊ တည်ဆောက်မှုနှင့်သက်ဆိုင်သော - အဆောက်အအုံများ၊ တုံ့ပြန်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်၊ ယန္တရားစသည်တို့အတွက် ဒေသတွင်းအရင်းအမြစ် (Existing capacity) နှင့် လိုအပ်မှု (Needs) ကို အခြေခံကာ၊ ကွာခြားချက် (Gaps) တို့ကို ဆွေးနွေးဖော်ထုတ်ထားသည်။ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး ကဏ္ဍအသီးသီးအတွက် အစိုးရဌာနအသီးသီးနှင့် အခြားသော ပူးပေါင်းပါဝင်ဆောင်ရွက်သူ (Stakeholders) များ၏ ချိတ်ဆက်မှုကို ဖော်ပြထားသည်။

## ၅.၁ ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက်များ

| လိုအပ်သောအရင်းအမြစ်စာရင်း | လိုအပ်သည့် အရေအတွက် | ဒေသအတွင်း ရရှိနိုင်သည့်အရင်းအမြစ်များ | လိုအပ်ချက် အရေအတွက် | တာဝန်ယူဆောင်ရွက်ရမည့်သူများ | မှတ်ချက် |
|---|---|---|---|---|---|
| **လူစာရင်း** | | | | | |
| ဥက္ကဌ | ၁ | ၁ | ၀ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ | |
| အဖွဲ့ဝင်များ | ၁၃၉ | ၁၃၉ | ၀ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ | |
| **ပစ္စည်းစာရင်းများ** | | | | | |
| EOC ရုံး | ၁ | ၁ | ၀ | သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များ | |
| စားပွဲခုံများ | ၅ | ၅ | ၀ | သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များ | |
| ကုလားထိုင် | ၃၀ | ၃၀ | ၀ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | |
| ကြော်ငြာသင်ပုန်း | ၂ | ၂ | ၀ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | |
| မီးစက် 10 KV | ၂ | ၁ | ၁ | သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-၁ |

| | | | | | |
|---|---|---|---|---|---|
| ကွန်ပျူတာ | ၃ | ၂ | ၁ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-၂ |
| စာရွက်ထုတ်စက် Color Printer | ၂ | ၁ | ၁ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-၁ |
| မိတ္တူစက် | ၂ | ၁ | ၁ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-၁ |
| ကင်မရာ ရိုးရိုး | ၂ | ၀ | ၂ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ | |
| ကင်မရာ လက်ကိုင် | ၁ | ၀ | ၁ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ | |
| TV | ၁ | ၀ | ၁ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ | |
| လက်ကိုင်စကားပြောစက် ICOM | ၂၀ | ၀ | ၂၀ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ | |
| အင်တာနက်အထိုင်စက် | ၁ | ၁ | ၀ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ | မြို့နယ်ထွေအုပ်-၁ |
| ဖုန်း (ကြိုးဖုန်း) | ၂ | ၁ | ၁ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ | မြို့နယ်ထွေအုပ်-၁ |

| | | | | | |
|---|---|---|---|---|---|
| Tablet/Laptop | ၁ | ၀ | ၁ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ | |

## ၅.၂ ကြိုတင်အသိပေးရေးကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက်များ

| လိုအပ်သောအရင်းအမြစ်စာရင်း | လိုအပ်မှုအရေအတွက် | ဒေသအတွင်း ရရှိနိုင်သည့် အရင်းအမြစ်များ | လိုအပ်ချက် အရေအတွက် | တာဝန်ယူဆောင်ရွက်ရမည့်သူများ | မှတ်ချက် |
|---|---|---|---|---|---|
| **လူစာရင်း** | | | | | |
| ဥက္ကဋ္ဌ | ၁ | ၁ | ၀ | မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | |
| အဖွဲ့ဝင် | ၁၂ | ၁၂ | ၀ | | |
| အတွင်းရေးမှူး | ၁ | ၁ | ၀ | | |
| **ပစ္စည်းစာရင်းများ** | | | | | |
| ICOM | ၆၀ | ၀ | ၆၀ | အရေးပေါ်ဆက်သွယ်ရေးသတင်းနှင့် ပြန်ကြားရေး (ဆပ်) ကော်မတီ | |
| အသံချဲ့စက် | ၁၅ | ၁၅ | ၀ | အရေးပေါ်ဆက်သွယ်ရေးသတင်းနှင့် ပြန်ကြားရေး (ဆပ်) ကော်မတီ | |
| လက်ကိုင်စကားပြောစက် | ၆၀ | ၀ | ၆၀ | အရေးပေါ်ဆက်သွယ်ရေးသတင်းနှင့် ပြန်ကြားရေး (ဆပ်) ကော်မတီ | |
| Loud Speaker | ၁၀ | ၁၀ | ၀ | အရေးပေါ်ဆက်သွယ်ရေးသတင်းနှင့် ပြန်ကြားရေး (ဆပ်) ကော်မတီ | ရပ်ကျေးအုပ်ချုပ်ရေးမှူး |

| | | | | | |
|---|---|---|---|---|---|
| ကား | ၃ | ၃ | ၀ | အရေးပေါ် ဆက်သွယ်ရေးသတင်းနှင့် ပြန်ကြားရေး (ဆပ်) ကော်မတီ | |
| အင်တာနက်အထိုင်စက် (Internet Router) | ၁ | ၀ | ၁ | | |
| ဖုန်း (ကြိုးဖုန်း) | ၂ | ၀ | ၂ | | သီးသန့်အတွက်မရှိ၊ လိုအပ်လျှင်ထွေအုပ်ရုံးမှ ရယူနိုင်သည်။ |
| ကင်မရာ (Camera ) | ၁ | ၀ | ၁ | | သီးသန့်အတွက်မရှိ၊ လိုအပ်လျှင်ထွေအုပ်ရုံးမှရယူနိုင်သည်။ |

## ၅. ၃ လုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကဏ္ဍ ဒေသတွင်းအရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက်များ

| လိုအပ်သော အရင်းအမြစ်စာရင်း | လိုအပ်မှုအရေအတွက် | ဒေသအတွင်း ရရှိနိုင်သည့် အရင်းအမြစ်များ | လိုအပ်ချက်အရေအတွက် | တာဝန်ယူဆောက်ရွက်မည့်သူများ | မှတ်ချက် |
|---|---|---|---|---|---|
| **လူစာရင်း** | | | | | |
| ဥက္ကဋ္ဌ | ၁ | ၁ | ၀ | မြို့နယ်မီးသတ်ဦးစီးဌာန | |
| အဖွဲ့ဝင် | ၁ | ၁ | ၀ | မြို့နယ်မီးသတ်ဦးစီးဌာန | |
| Volunteer | ၂၀ | ၂၀ | ၀ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီဝင်များ | |

| ပစ္စည်းစာရင်းများ | | | | | |
|---|---|---|---|---|---|
| ICOM | ၁၂ | ၅ | ၇ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | အဖွဲ့ (၆)ဖွဲ့ |
| အထိုင်စက် | ၁ | ၀ | ၁ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီဝင်များ | |
| ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်း အိတ် | ၁၅၀ | ၀ | ၁၅၀ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီဝင်များ | |
| Speed Boat | ၅ | ၃ | ၂ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီဝင်များ | မီးသတ်၊ ထွေအုပ်၊ ကျေးလက် |
| လောင်စာဆီ (ဂါလံ) | ၇၀၀ | ၀ | ၇၀၀ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီဝင်များ | ပြင်ပမှဝယ်ယူရရှိ |
| ထမ်းစင် | ၁၀ | ၄ | ၆ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီဝင်များ | ကြက်ခြေနီ -၂၊ ကျန်းမာရေး -၂ |
| Chain Saw | ၅ | ၂ | ၃ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီဝင်များ | မီးသတ်-၂ |
| အသက်ကယ်ကြိုး | ၃၀၀ ပေ (၂၀) ခု | ၀ | ၃၀၀ ပေ (၂၀) ခု | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီဝင်များ | တပ်စု၂ စုအတွက် |
| ကာရာဗင်နာ | ၅၀ | ၀ | ၅၀ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | ၅၀ |

| | | | | | |
|---|---|---|---|---|---|
| လူနာတင်ယာဉ် | ၂ | ၂ | ၀ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | ကျန်းမာရေး-၁ |
| ကား | ၂ | ၂ | ၀ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | ထွေအုပ် -၁၊ ရဲတပ်ဖွဲ့-၁ |
| Hand Speaker | ၅ | ၅ | ၀ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | အဖွဲ့(၅) ဖွဲ့ |
| လက်အိပ် | ၁၅၀ | ၀ | ၁၅၀ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | |
| အသက်ကယ်အင်္ကျီ | ၅၀ | ၂၀ | ၃၀ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | မီးသတ် |
| လက်နှိပ်ဓာတ်မီး | ၁၅၀ | ၀ | ၁၅၀ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | |
| ဓာတ်ခဲ | ၁၀၀ | ၀ | ၁၀၀ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | |
| ရှက်ဖျင်တဲ | ၅ | ၀ | ၅ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | |
| လက်ထိုးလွှ | ၁၀ | ၀ | ၁၀ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | |

| | | | | | |
|---|---|---|---|---|---|
| ငါးမန်းလွှ | ၅ | ၀ | ၅ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | |
| စက်တပ်ယာဉ် ဘုတ်အသေး | ၅ | ၅ | ၀ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | ကျေးရွာအဆင့်လိုင်းဆွဲကောင်စာရင်း |
| မီးစက် | ၅ | ၀ | ၅ | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | |
| ၇ရက်စာ (ရိက္ခာ) | ▪ ဆန် (၅) အိပ်<br>▪ ဆီ (၇) ပိသာ<br>▪ ငါးခြောက် (၂၀ပိသာ)<br>▪ ခေါက်ဆွဲ ခြောက် (၁၂) ဗူး | | | လုံခြုံရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဝင်များ | ၇ ရက်စာ ရိက္ခာ (လူ ၇၀) |
| ရေသန့် | ၁၆၃ | ၀ | ၁၆၃ | | ၁ ယောက် ၂ လီတာ (လူ-၇၀) တစ်ပတ်စာ |

## ၅. ၄ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက်များ

| လိုအပ်သောအရင်းအမြစ်စာရင်း | လိုအပ်မှုအရေအတွက် | ဒေသအတွင်း ရရှိနိုင်သည့် အရင်းအမြစ်များ | လိုအပ်ချက် အရေအတွက် | တာဝန်ယူဆောင်ရွက်ရမည့် သူများ | မှတ်ချက် |
|---|---|---|---|---|---|
| **လူစာရင်း** | | | | | |
| ဥက္ကဌ | ၁ | ၁ | ၀ | မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | |

| | | | | | |
|---|---|---|---|---|---|
| အဖွဲ့ဝင်များ | ၇ | ၇ | ၀ | ခိုလှုံရာနေရာစီမံခန့်ခွဲရေး ကော်မတီဝင်များ | |
| အတွင်းရေးမှူး | ၁ | ၁ | ၀ | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | |
| **ပစ္စည်းစာရင်းများ** | | | | | |
| ခိုလှုံရာနေရာများ | | မြို့ပေါ်နေရာ (၈) နေရာ<br>▪ ဘဝမ်းဘုန်းကြီး ကျောင်း<br>▪ လောကထိပ်ပန်<br>▪ အားကာ<br>▪ မြို့မခန်းမ<br>▪ အ. ထ. က ခွဲ<br>▪ သာသနာ့ဗိမာန်<br>▪ အထကစန္ဒာရာမ<br>▪ မြို့မကျောင်း | | ခိုလှုံရာနေရာစီမံခန့်ခွဲရေးကော်မတီဝင်များ | ကျေးရွာ shelter ပုဏ္ဏားချေ၊ ငပြီးကျွန်း၊ ကံပြင် လူဦးရေ ၃၀၀၀ ခန့်ခိုလှုံနိုင် |
| တာပေါ်လင် (ကိုက်) | ၅၀၀၀၀ | ၀ | ၅၀၀၀၀ | | ခိုလှုံရာနေရာစီမံခန့်ခွဲရေး ကော်မတီဝင်များတစ်ဦး လျှင် ၂ ကိုက်နှုန်း (လူဦးရေ ၂၅၀၀၀) |
| ရေသန့် | ၃၇၅၀၀ | ၀ | ၃၇၅၀၀ | | လူ ၁ယောက် ၃ လီတာ ၃ရက်စာ( ၁ ပါကင် ၆ လုံး) (လူဦးရေ ၂၅၀၀၀) |
| သုံးရေ | ၁၅၀၀၀၀ | ၀ | ၁၅၀၀၀၀ | | လူ ၁ ယောက် ၂ ဂါလံ ( ၃ ရက်စာ) (လူဦးရေ ၂၅၀၀၀) |

| | | | | | |
|---|---|---|---|---|---|
| ခေါက်ဆွဲခြောက် | ၆၂၅၀ | ၀ | ၆၂၅၀ | | လူ ၁ ယောက် ၂ ထုတ် (၃ ရက်စာ) ( လူဦးရေ ၂၅၀၀၀) ၁ ပါကင် ၂၄ ထုတ် |
| ရေပုံး | ၇၅၀၀ | ၀ | ၇၅၀၀ | | မိသားစု ၁ စုလျှင် ၃ ပုံး (ခန့်မှန်း) |
| ယာယီအိမ်သာ | ၅၀၀ | ၀ | ၅၀၀ | | အိမ်သာ ၁လုံး လူ ၅၀ အသုံးပြုနိုင် |
| စက်တပ်ယာဉ် ဘုတ်အသေး | ၅ | ၅ | ၀ | | ကျေးရွာများမှရရှိနိုင် |
| မီးစက် ( မြင်းကောင်ရေစီ၁၀) | ၁၅ | ၀ | ၁၅ | | |
| မီးချောင်း (၂ ပေ) | ၆၀ | ၀ | ၆၀ | | ခိုလှုံရာနေရာအကျယ် အဝန်းနှင့်နေရာအနေအထားကိုသိရှိရန်လို။ |
| လောင်ဇာဆီ ( ဂါလံ) | ၅၀၀ | ၀ | ၅၀၀ | | |
